ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

**သွားလေရာအရပ်၌ အပူဇော်ခံရ**

သဒ္ဓါတရားလည်းရှိ၊ သီလနှင့်လည်း ပြည့်စုံ၊ အခြံအရံလည်းများ၊ စည်းစိမ်ဥစ္စာလည်း ရှိသော သူသည် သွားလေရာအရပ်၌ အပူဇော်ခံရ၏။

ပကိဏ္ဏကဝဂ် (ဓမ္မပဒ - ၃၀၃)

၁၃၈၅ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၉ ရက်၊ သောကြာနေ့။ Friday, 5 January 2024 ၁၁၃၃၁

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပ နိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် (၇၆)နှစ်မြောက်လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဂုဏ်ထူးဆောင်ဘွဲ့များ ချီးမြှင့်အပ်နှင်းခြင်းအခမ်းအနားသို့ တက်ရောက်ချီးမြှင့်

နေပြည်တော် ဇန်နဝါရီ ၄

(၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဂုဏ်ထူးဆောင်ဘွဲ့များ ချီးမြှင့်အပ်နှင်းခြင်းအခမ်းအနားကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး သဘင်ဆောင်၌ ယနေ့နံနက်ပိုင်းတွင် ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားပြီး ဂုဏ်ထူးဆောင်ဘွဲ့များ ချီးမြှင့်အပ်နှင်းသည်။

**တက်ရောက်**

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပျံ့ချီ မဟာသရေစည်သူ စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊ ကောင်စီအတွင်းရေးမှူးနှင့်ဇနီး၊ တွဲဖက်အတွင်းရေးမှူးနှင့်ဇနီး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များနှင့်ဇနီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ဂုဏ်ထူးဆောင်ဘွဲ့ရရှိကြသည့် ပုဂ္ဂိုလ်များနှင့် မိသားစုဝင်များ တက်ရောက်ကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် သရေစည်သူဘွဲ့ရရှိသူ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်အား ဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်အပ်နှင်းစဉ်။**

## ယနေ့ ဖတ်စရာ

**အကျဉ်းသား / အကျဉ်းသူ ၉၆၅၂ ဦးတို့ကို ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြု**

---

**နိုင်ငံခြားသား အကျဉ်းသား /အကျဉ်းသူ ၁၁၄ ဦးတို့ကို ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြု၍ ပြည်နှင်ဒဏ်ပေး**

စာမျက်နှာ » ၁၁

**AI နည်းပညာအကူအညီကြောင့် ရောဂါရှာဖွေရေးနယ်ပယ်အပြင် ရောဂါပြင်းထန်မှုပမာဏ ခန့်မှန်းခြင်း၊ မျိုးရိုးဗီဇပြောင်းလဲမှုရှာဖွေခြင်း၊ သုတေသနနှင့်ပညာရပ်ဆိုင်ရာ နယ်ပယ်ချဲ့ထွင်တိုးတက်လာစေခြင်း၊ ကင်ဆာရောဂါဆိုင်ရာ ဆေးဝါးအသစ်များ ရှာဖွေနိုင်ခြင်း စသည့်ကျန်းမာရေးနယ်ပယ်အသီးသီး၌ ဖွံ့ဖြိုးတိုးတက်မှုများ တွေ့ရှိလာ**

စာမျက်နှာ » ၁၂

ကြေးမုံ

# ပညာတိုးတက်မှ နိုင်ငံလူမှုစီးပွားဘဝမြင့်မား

ကမ္ဘာပေါ်ရှိနိုင်ငံအများစုသည် အခက်အခဲများ၊ စိန်ခေါ်မှုများ၊ ပဋိပက္ခများစွာတို့နှင့်ကြုံတွေ့ခဲ့ရသည်။ အခက်အခဲပဋိပက္ခများကြောင့် နိုင်ငံယိုယွင်းပျက်စီးလုနီးနီးဖြစ်ခဲ့သည့်နိုင်ငံများရှိသည်။ ခေတ်ဆိုးကာလကြီးတွင် ပြည်သူများ ထိခိုက်ပျက်စီးခဲ့ကြရပြီး နာလန်မထူနိုင်အောင်ဖြစ်ခဲ့ကြရသည်။ သို့သော် လူဟူသည် အသိဉာဏ်စွမ်းပကားမြင့်မားသူများဖြစ်ကြသဖြင့် သုညအခြေအနေမှ ပြန်လည်မြင့်တက်နိုင်အောင် ကြိုးစားနိုင်ကြသည်။ ထိုနိုင်ငံများကို ယနေ့မြင်တွေ့နိုင်သည်။

မြန်မာနိုင်ငံသည် လွတ်လပ်ရေးရပြီးကတည်းက ပဋိပက္ခသံသရာထဲမှ မထွက်နိုင်အောင် ကျင်လည်ခဲ့ရသည်။ နိုင်ငံတည်ဆောက်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဖြောင့်ဖြောင့်တန်းတန်းမလုပ်နိုင်လောက်အောင်ဖြစ်ခဲ့သည်။ အခက်အခဲ၊ အနှောင့်အယှက်၊ အဟန့်အတားများကြောင့် ယနေ့သူတစ်ပါးနိုင်ငံများနှင့် ရင်ပေါင်တန်းနိုင်သည့်အခြေအနေအဆင့်သို့ မရောက်နိုင်သေးသည်ကို တွေ့ရသည်။ ခေတ်ဆိုးကာလများကိုကြုံတွေ့ခဲ့ရသည့် နိုင်ငံများသည် နိုင်ငံပြန်လည်ထူထောင်နိုင်ရန်အတွက် ပညာရေးကို ဦးစားပေးခဲ့သည်။ ပြီးလျှင် စီးပွားရေးတိုးတက်အောင် လုပ်ကိုင်ကြသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ နိုင်ငံ့တာဝန်များ ထမ်းဆောင်နေချိန်တွင် စစ်မှန်၍ စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာရေး၊ ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး နိုင်ငံရေးရည်မှန်းချက်နှစ်ရပ်ချမှတ်ထားသည်။ ထို့အတူ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးဟူသော အမျိုးသားရေးရည်မှန်းချက်နှစ်ရပ်ကိုလည်း ချမှတ်ထားသည်။ အဆိုပါနိုင်ငံရေးရည်မှန်းချက်၊ အမျိုးသားရေးရည်မှန်းချက်များ အောင်မြင်အောင် အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

"ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်ရာတွင် ဦးဆောင်သူ၊ အကောင်အထည်ဖော်ဆောင်ရွက်သူ၊ လိုက်နာကျင့်သုံးသူအားလုံး အသိပညာ၊ အတတ်ပညာ၊ ပင်ကိုအရည်အသွေး၊ စဉ်းစားတွေးခေါ်မှုစွမ်းရည်များနှင့်ပြည့်စုံရန် လိုအပ်သဖြင့် နိုင်ငံတော်အတွက် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်သည့် ဘက်စုံပညာရေးကဏ္ဍကို မြှင့်တင်ကြိုးပမ်းဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း" နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင် က ၂၀၂၄ ခုနှစ် (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့သဝဏ်လွှာတွင် အသိပေးထားသည်။

ယနေ့ခေတ်သည် ပညာခေတ်ဖြစ်သည်နှင့်အညီ ပညာတတ်မြောက်ထားမှသာ ဘဝရပ်တည်ရေးအတွက် အာမခံနိုင်မည်ဖြစ်သည်။ နိုင်ငံတော်အနေဖြင့် ပညာရေးကို အားပေးမြှင့်တင်ပေးနေသော်လည်း တိုင်းရင်းသားဒေသများ၊ အထူးသဖြင့် ပြည်နယ်များရှိ ကျေးလက်ဒေသအချို့တွင် ဘာသာစကားအခက်အခဲများ၊ ပညာရေးအားပေးမှုနည်းပါးခြင်းများနှင့် အခြားစိန်ခေါ်မှုများကြောင့် ပညာရေးဘက်တွင် အားနည်းနေသည်ကို တွေ့မြင်ရမည်ဖြစ်သည်။ ထို့ကြောင့် ကျေးလက်နေပြည်သူများနှင့် တိုင်းရင်းသားပြည်သူအားလုံး စာတတ်မြောက်ရန်နှင့် အတန်းပညာများ တတ်မြောက်အောင် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသိပညာ၊ အတတ်ပညာနှင့်ပြည့်စုံသော ပညာတတ်များပေါ်များရေးကို ဦးတည်ကြိုးပမ်းကြရမည်ဖြစ်သည်။ ပညာရည်မြင့်မားမှသာ ပိုင်းခြားဝေဖန်ဆန်းစစ်နိုင်သည့် အတွေးအခေါ်များရရှိမည်ဖြစ်သောကြောင့် တိုင်းရင်းသားပြည်သူအားလုံး ပညာရည်တိုးတက်အောင်ဆောင်ရွက်ပေးကြရမည်ဖြစ်သည်။ လူငယ်များသည် အနာဂတ်ကို တာဝန်ယူဆောင်ရွက်ကြရမည့်သူများဖြစ်၍ လူငယ်များအားလုံး ပညာတတ်အောင်ကြိုးပမ်းဆောင်ရွက်ပြီး ယဉ်ကျေးမှုနှင့် အမျိုးသားရေးစရိုက်လက္ခဏာများကို ထိန်းသိမ်းတတ်စေရေးနှင့် တိုးတက်ပြောင်းလဲနေသော ခေတ်နှင့်အညီ ရင်ပေါင်တန်းနိုင်စေရေးအတွက် ဘက်စုံပညာရေးကဏ္ဍကို မြှင့်တင်ဆောင်ရွက်ပေးကြရမည်ဖြစ်သည်။

မြန်မာနိုင်ငံသည် စိုက်ပျိုးရေး၊ မွေးမြူရေးကိုအခြေခံသောနိုင်ငံဖြစ်၍ စိုက်ပျိုးမွေးမြူရေးဆိုင်ရာ အသိပညာရှင်၊ အတတ်ပညာရှင်များနှင့် ကျွမ်းကျင်သူများ မွေးထုတ်ပေးနိုင်မည့် တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံ၊ ကျောင်းများကို တိုးချဲ့ဖွင့်လှစ်ပေးလျက်ရှိသည်။ လူတိုင်းလက်လှမ်းမီသည့်ပညာရေး ဖြစ်စေရန်အတွက် အလယ်တန်းပညာပြီးမြောက်သူများကို စက်မှု၊ စိုက်ပျိုး၊ မွေးမြူပညာရပ်များ သင်ယူလေ့လာနိုင်ရန်အတွက် ခရိုင် ၅၀ တွင် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တွဲဖက်အထက်တန်းကျောင်း ၅၁ ကျောင်းဖွင့်လှစ်ပေးထားပြီး လာမည့်ပညာသင်နှစ်တွင် ၃၄ ကျောင်း ထပ်မံဖွင့်လှစ်ကာ သင်ကြားပေးသွားမည်ဖြစ်သည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံတွင် အခက်အခဲများ၊ စိန်ခေါ်မှုများ၊ ပဋိပက္ခများရှိနေသော်လည်း နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးကို မျက်ခြည်ပြတ်မခံဘဲ ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ကျွမ်းကျင်သူ၊ ပညာရှင်၊ လူသားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ကုန်ထုတ်လုပ်မှုနည်းပညာများကို လေ့လာဆည်းပူး၍ အရည်အသွေးကောင်းမွန်သော တန်ဖိုးမြှင့်ထုတ်ကုန်ပစ္စည်းများကို ထုတ်လုပ်နိုင်ကာ နိုင်ငံတော်၏ လူမှုစီးပွားမြင့်မားတိုးတက်လာအောင် ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း။ ။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံသို့ နီပေါနိုင်ငံ သမ္မတနှင့် ဝန်ကြီးချုပ်တို့ထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ

နေပြည်တော် ဇန်နဝါရီ ၄

၂၀၂၄ ခုနှစ် ဇန်နဝါရီ ၄ ရက်နေ့တွင် ကျရောက်သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် နီပေါနိုင်ငံ သမ္မတ မစ္စတာ ရမ်ချန်ဒရာ ပေါ်ဒဲလ်၊ ဝန်ကြီးချုပ် မစ္စတာ ပူးရ်ပါ ကာမယ်လ် ဒါဟဲလ် 'ပရာချန်ဒါ' တို့က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာများ အသီးသီးပေးပို့ကြသည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံသို့ နီပေါနိုင်ငံ သမ္မတ မစ္စတာရမ်ချန်ဒရာ ပေါ်ဒဲလ် ထံမှပေးပို့သည့် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် မိမိအနေဖြင့် အဆွေတော်နှင့် မြန်မာပြည်သူများအား ဂုဏ်ယူဝမ်းမြောက်ပါကြောင်း ဆုမွန်ကောင်း ပို့သအပ်ပါသည်။ မြန်မာပြည်သူများ ပိုမိုတိုးတက်သာယာဝပြောပါစေကြောင်းလည်း ဆုတောင်းမေတ္တာ ပို့သအပ်ပါသည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံသို့ နီပေါနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ပူးရ်ပါ ကာမယ်လ် ဒါဟဲလ် 'ပရာချန်ဒါ' ထံမှပေးပို့သည့် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် မိမိအနေဖြင့် နီပေါနိုင်ငံအစိုးရနှင့် ပြည်သူများကိုယ်စား အဆွေတော်နှင့် မြန်မာပြည်သူများအား ဂုဏ်ယူဝမ်းမြောက်ပါကြောင်း ဆုမွန်ကောင်း ပို့သအပ်ပါသည်။ ချစ်ခင်ရင်းနှီးဖွယ်ကောင်းသော မြန်မာပြည်သူများ ပိုမိုတိုးတက်သာယာဝပြောပါစေကြောင်းလည်း ဆုတောင်းမေတ္တာ ပို့သအပ်ပါသည်။

# လမ်းမတော်မြို့နယ်၌ လွတ်လပ်ရေးနေ့ အလံတင်အခမ်းအနားနှင့် သဝဏ်လွှာဖတ်ပွဲ ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၄

ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားခရိုင် လမ်းမတော်မြို့နယ်၌ (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အလံတင်အခမ်းအနားကို ယနေ့နံနက် ၄ နာရီ မိနစ် ၂၀ တွင် လမ်းမတော်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးရှေ့၌ ကျင်းပသည်။

ထို့နောက် အ.ထ.က (၁)လမ်းမတော် စွမ်းအားခန်းမ၌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ပေးပို့သော (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ သဝဏ်လွှာကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးသက်နောင်ဖြူက ဖတ်ကြားသည်။

ကျော်ဆန်းမြင့်

# ရမည်းသင်းမြို့နယ်၌ (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနား ကျင်းပ

ရမည်းသင်း ဇန်နဝါရီ ၄

ရမည်းသင်းမြို့နယ်၌ (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အလံတင်အခမ်းအနားကို ယနေ့နံနက် ၄ နာရီ မိနစ် ၂၀ က ရမည်းသင်းမြို့ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးရှေ့တွင် ကျင်းပသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှပေးပို့သော (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ သဝဏ်လွှာကို ခရိုင်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဦးမြင့်ထွန်းက ဖတ်ကြားသည်။

၁၄၄

# ဒဂုံမြို့နယ်၌ လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အားကစားပြိုင်ပွဲ ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၄

ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားခရိုင် ဒဂုံမြို့နယ် အမှတ် (၂) အခြေခံပညာအထက်တန်းကျောင်း (မြို့မ)တွင် (၇၆) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ကျောင်းပေါင်းစုံ အားကစားပြိုင်ပွဲများကို ဇန်နဝါရီ ၄ ရက်က ခရေပင်တန်း အားကစားကွင်း၌ ကျင်းပသည်။

အဆိုပါအားကစားပြိုင်ပွဲများတွင် ဆုရရှိခဲ့ကြသည့် ကျောင်းသား ကျောင်းသူများအား ဒဂုံမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမင်းသူကျော်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ မြို့နယ်ပညာရေးမှူး၊ အားကစားနှင့်ကာယပညာဦးစီးအရာရှိတို့က ဆုများပေးအပ် ချီးမြှင့်ခဲ့ကြသည်။

**ပေးအပ်ချီးမြှင့်**

ထို့နောက် ဒဂုံမြို့နယ် ဦးဝိစာရအားကစားကွင်း၌ အမျိုးသား (အလွတ်တန်း) ဖူဆယ်ဘောလုံးပြိုင်ပွဲ ကျင်းပခဲ့ပြီး အသင်း ၁၀ သင်း ပါဝင်ယှဉ်ပြိုင်ခဲ့ရာ ဆုရရှိခဲ့သည့်အသင်းများအား ဒဂုံမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမင်းသူကျော်နှင့်တာဝန်ရှိသူများက ဒိုင်းဆုများနှင့် ငွေသားဆုကို ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

မိုးမိုး(ပြန်/ဆက်)


ကြေးမုံ

| | | | |
|---|---|---|---|
| စာတည်းမှူးချုပ် | – ဦးစိုးစိုးနိုင် | အကြီးတန်း သတင်းထောက်များ | – ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး |
| စာတည်းမှူး | – ဦးဝင်းနိုင် | | |
| စာတည်းများ | – ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | အငယ်တန်း သတင်းထောက်များ | – ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| | | သုတေသန | – ဒေါ်ဇင်မာဝင့် |
| ဘာသာပြန် | – ဦးနိုင်လင်းကြည်၊ | စာပြင် | – ဒေါ်မြသီတာနှင့်အဖွဲ့ |
| စာတည်းများ | ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | – ဒေါ်မျိုးမျိုးဝင်းနှင့်အဖွဲ့ |
| | | အီးမေးလ်နှင့် အွန်လိုင်း | – ဦးစိုးချစ်ဦးနှင့်အဖွဲ့ |



ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် – စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ – အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ – ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် (၇၆)နှစ်မြောက်လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဂုဏ်ထူးဆောင်ဘွဲ့များ ချီးမြှင့်အပ်နှင်းခြင်း အခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် သရေစည်သူဘွဲ့ရရှိသူ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဗိုလ်ချုပ်ကြီး ကျော်စွာလင်းအား ဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်အပ်နှင်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် စည်သူဘွဲ့ရရှိသူ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်အား ဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်အပ်နှင်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် စည်သူဘွဲ့ရရှိသူ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ Structure ပညာရှင် ဒေါက်တာတိုးတိုးဝင်းအား ဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်အပ်နှင်းစဉ်။

☆ ရှေ့ဖုံးမှ

ဦးစွာနိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် မိမိတို့နိုင်ငံတော်သည် ရှေးနှစ်ပေါင်းများစွာကတည်းက ကိုယ်ပိုင်ယဉ်ကျေးမှု၊ ကိုယ်ပိုင်ဓလေ့ထုံးတမ်း အစဉ်အလာများကို ထိန်းသိမ်းစောင့်ရှောက်ခဲ့ပြီး ကိုယ့်ထီး ကိုယ့်နန်း ကိုယ့်ကြငှန်းနှင့် တိုင်းရင်းသားညီအစ်ကိုမောင်နှမများ စည်းလုံးညီညွတ်စွာ အတူတကွ စုပေါင်းနေထိုင်ခဲ့ကြသည့် အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်နိုင်ငံအဖြစ် ကမ္ဘာ့အလယ်တွင် ထည်ဝါစွာ ရပ်တည်ခဲ့ပါကြောင်း၊ သို့သော် ၁၉ ရာစုနှောင်းပိုင်းတွင် ကိုလိုနီနယ်ချဲ့များက ကျူးကျော်စစ်သုံးကြိမ်ဆင်နွှဲပြီး မတရားကျူးကျော် သိမ်းပိုက်ခဲ့သည့်အတွက် ၁၈၈၅ ခုနှစ်တွင် နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ လက်လွတ်ဆုံးရှုံးခဲ့ရပါကြောင်း။

နိုင်ငံတစ်နိုင်ငံ၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဆိုသည်မှာ တစ်ခဏတာအတွင်း ဆုံးရှုံးသွားနိုင်သော်လည်း လွတ်လပ်ရေးရရှိရန် ကြာမြင့်စွာ ကြိုးပမ်းအားထုတ်ရခြင်း ဖြစ်ပါကြောင်း၊ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ ဦးဆောင်မှုအောက်တွင် ပြည်ထောင်စုဖွား တိုင်းရင်းသားအားလုံးက စည်းလုံးညီညွတ်စွာဖြင့်၊ လုံ့လ၊ သတ္တိအပြည့်ဖြင့် ညီညီညွတ်ညွတ် ကြိုးပမ်းခဲ့ကြသောကြောင့် ၁၉၄၈ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် လွတ်လပ်သည့် နိုင်ငံတစ်နိုင်ငံအဖြစ် ကမ္ဘာ့အလယ်တွင် ဝင့်ထည်ခန့်ညားစွာ ပြန်လည်ရပ်တည်နိုင်ခဲ့ခြင်း ဖြစ်ပါကြောင်း၊ ထို့ကြောင့် ယနေ့သည် မိမိတို့နိုင်ငံအတွက် အလွန်အင်မတန်ထူးမြတ်သည့် (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယ ဖြစ်ပါကြောင်း။

စာမျက်နှာ ၄ သို့ ☆



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် သူရဘွဲ့ရရှိသူ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဗိုလ်မှူးကြီး သူရိန်(ကိုယ်စား) ဇနီး ဒေါ်မေသကြင်နှင်အား ဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်အပ်နှင်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် သူရဘွဲ့ရရှိသူ ကာကွယ်ရေးဝန်ကြီးဌာန ဗိုလ်မှူးသော်ဇင်(လေ) (ကိုယ်စား) ဖခင် ဦးအောင်ဆန်းဌေးအား ဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်အပ်နှင်းစဉ်။

☆ စာမျက်နှာ ၃ မှ

ပြည်ထောင်စုကြီး ထာဝရ တည်တံ့ရေးကြိုးပမ်းမှုနှင့်အတူ တစ်ဖက်တွင်လည်း ပြည်ထောင်စု တစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး၊ နိုင်ငံ့စီးပွား မြှင့်တင်ရေး၊ ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြှင့်တင်ရေး၊ စစ်မှန်စည်းကမ်း ပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေး စသည့် နိုင်ငံတော်တည်ဆောက်ရေး လုပ်ငန်းစဉ်များကိုလည်း အထူးအလေးထားပြီး ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း။

**လက်တွဲကြိုးပမ်းနေကြ**

နိုင်ငံတော် တည်ဆောက်ရေး လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ၊ ပြည်ထောင်စုအစိုးရ စသည့် တိုင်းပြည်၏ အဓိကမဏ္ဍိုင်ကြီးများက တာဝန်ရှိသူများနှင့်အတူ ကဏ္ဍပေါင်းစုံ၊ ဘက်ပေါင်းစုံက ပုဂ္ဂိုလ် အသီးသီးတို့ကလည်း လက်တွဲကြိုးပမ်းနေကြခြင်းဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံ၏ (၇၆)နှစ်မြောက် နေ့ထူးနေ့မြတ် အခါသမယတွင် နိုင်ငံတော်အတွက် ထူးကဲသာလွန်စွာ အကျိုးပြုခဲ့ကြသူများကို ဂုဏ်ပြုချီးမြှင့်နိုင်ရန်အတွက် ယခုအခမ်းအနားကို ကျင်းပရခြင်းဖြစ်ပါကြောင်း။

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်တည်ဆောက်ရာတွင် ထူးကဲစွာဆောင်ရွက်ခဲ့ကြသည့် ပုဂ္ဂိုလ်များ၊ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်ရာတွင် သက်စွန့်ကြိုးပမ်း ထမ်းဆောင်ခဲ့ကြသည့် ပုဂ္ဂိုလ်များ၊ နိုင်ငံတော်၏ စီးပွားရေး၊ လူမှုရေး၊ ပြည်သူ့ရေးရာစီမံခန့်ခွဲရေးကဏ္ဍများတွင် ထူးခြားထက်မြက်စွာ စွမ်းဆောင်နိုင်ခဲ့ကြသည့် ပုဂ္ဂိုလ်များ၊ နယ်ဘက်နှင့် စစ်ဘက်ဆိုင်ရာတွင် တိုင်းကျိုးပြည်ကျိုးကို အများနှင့်မတူအောင် ထူးခြားစွာ စွမ်းဆောင်နိုင်ခဲ့ကြသည့် ပုဂ္ဂိုလ်များ၊ **စာမျက်နှာ ၅ သို့ ☆**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် သရေစည်သူဘွဲ့၊ စည်သူဘွဲ့၊ သူရဘွဲ့ ရရှိကြသူများနှင့်အတူ မှတ်တမ်းတင်စုပေါင်းဓာတ်ပုံရိုက်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် သူရဘွဲ့ရရှိသူ ကာကွယ်ရေးဝန်ကြီးဌာန တပ်ကြပ်ကြီး ဝင်းမြင့်သူ(ကိုယ်စား) ဇနီး ဒေါ်လှဲ့လှဲ့ဦးအား ဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်အပ်နှင်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် သီရိပျံချီဘွဲ့ရရှိသူ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့အား ဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်အပ်နှင်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် သီရိပျံချီဘွဲ့ရရှိသူ ကာကွယ်ရေးဝန်ကြီးဌာန ဗိုလ်ချုပ်ဇော်နိုင်ဦးအား ဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်အပ်နှင်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် ဝဏ္ဏကျော်ထင်ဘွဲ့ရရှိသူ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်းအား ဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်အပ်နှင်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် ဝဏ္ဏကျော်ထင်ဘွဲ့ရရှိသူ သမဝါယမဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိမ်းထူး(ကိုယ်စား) သား ဒေါက်တာကျော်ဝင်းထူးအား ဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်အပ်နှင်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် အလင်္ကာကျော်စွာဘွဲ့ရရှိသူ စာရေးဆရာ ရွှေဥဒေါင်း(ကိုယ်စား) အမွေခံ ဒေါ်မြင့်မြင့်သန်းအား ဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်အပ်နှင်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် အလင်္ကာကျော်စွာဘွဲ့ရရှိသူ သမိုင်းပညာရှင် ဦးအောင်ကြိုင်(မင်းဘူး)(ကိုယ်စား) သား ဒေါက်တာမျိုးညွန့်အောင်အား ဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်အပ်နှင်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် သိပ္ပကျော်စွာဘွဲ့ရရှိသူ ကာကွယ်ရေးဝန်ကြီးဌာန ဗိုလ်မှူး ပြည့်ဖြိုးမောင်အား ဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်အပ်နှင်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် သိပ္ပကျော်စွာဘွဲ့ရရှိသူ မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီ Structure ပညာရှင် ဦးဇာလီချမ်းအား ဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်အပ်နှင်းစဉ်။

## နိုင်ငံတော်အစိုးရနှင့်အတူ ကဏ္ဍပေါင်းစုံ၊ ဘက်ပေါင်းစုံက အသိပညာရှင်၊ အတတ်ပညာရှင်များ၊ တိုင်းရင်းသားပြည်သူများ၏ ကြိုးပမ်းအားထုတ်မှုများ ဆက်လက်၍ လိုအပ်နေဦးမည်ဖြစ်သည့်အတွက် နိုင်ငံတော်ကြီး ရေရှည်တည်တံ့ခိုင်မြဲရေး၊ အေးချမ်းသာယာရေး၊ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် လက်တွဲဆောင်ရွက်

☆ စာမျက်နှာ ၄ မှ

နိုင်ငံနှင့်လူမျိုးအတွက် သိပ္ပံပညာ၊ ဝိဇ္ဇာပညာနှင့် အခြားပညာရပ်တစ်ခုခုတွင် ကမ္ဘာ့အဆင့်မီစွာ တီထွင်ဖန်တီး အောင်မြင်အောင် စွမ်းဆောင်နိုင်သည့် ပုဂ္ဂိုလ်များ၊ စာပေနှင့် အနုသုခုမပညာရပ်များတွင် ထူးခြားကောင်းမွန်စွာ တတ်မြောက်သူ ပုဂ္ဂိုလ်များ၊ နိုင်ငံတော်လုံခြုံရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတို့အတွက် မဆုတ်မနစ်သော ဇွဲ၊ လုံ့လ၊ ဝီရိယဖြင့် ကြိုးပမ်းထမ်းဆောင်ကြသည့် ပုဂ္ဂိုလ်များကို ယခုကဲ့သို့ ထူးခြားလေးနက်သည့် (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အဖြစ် ဂုဏ်ထူးဆောင်ဘွဲ့များကို ချီးမြှင့်အပ်နှင်းသွားမည် ဖြစ်ပါကြောင်း။

### စုစုပေါင်း ၁၅၃ ဦး

ယနေ့ အခမ်းအနားတွင် သရေစည်သူဘွဲ့ ကိုးဦး၊ စည်သူဘွဲ့ ငါးဦး၊ သူရဘွဲ့ ခြောက်ဦး၊ သီရိပျံ့ချီဘွဲ့ ၄၂ ဦး၊ ဝဏ္ဏကျော်ထင်ဘွဲ့ ၈၃ ဦး၊ အလင်္ကာကျော်စွာဘွဲ့ လေးဦး၊ သိပ္ပကျော်စွာဘွဲ့ လေးဦး စုစုပေါင်း ၁၅၃ ဦးကို သက်ဆိုင်ရာ ဂုဏ်ထူးဆောင် ဘွဲ့တံဆိပ်များ ချီးမြှင့်အပ်နှင်းသွားမည် ဖြစ်ပါကြောင်း၊ ယခုကဲ့သို့ ဂုဏ်ပြုချီးမြှင့်ခြင်းခံရသည့်အတွက် ဘွဲ့ခံပုဂ္ဂိုလ်များအနေဖြင့် ဝမ်းမြောက်ဝမ်းသာဖြစ်သကဲ့သို့ ဘွဲ့ခံပုဂ္ဂိုလ်များအတွက် သာမက သက်ဆိုင်ရာ မိသားစုဝင်များအတွက်လည်း သားစဉ်မြေးဆက် ဂုဏ်ယူဝင့်ကြွားစရာ အထိမ်းအမှတ် သင်္ကေတများအဖြစ်ဖြင့် ဆက်လက်တည်ရှိနေကြမည် ဖြစ်ပါကြောင်း။

လွတ်လပ်ရေးခရီး (၇၆)နှစ်ပြည့်မြောက်လာပြီဖြစ်သည့် ယနေ့အချိန်တွင် နိုင်ငံတော်အစိုးရအနေဖြင့် စစ်မှန်ပြီး စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စု တည်ဆောက်ရေး၊ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေး၊ တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးစသည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဦးတည်ချက်များ ခိုင်ခိုင်မာမာချမှတ်ပြီး နိုင်ငံတော် ခေတ်မီဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို အားသွန်ခွန်စိုက် အကောင်အထည်ဖော် ဆောင်ရွက်နေပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် နိုင်ငံတော်အစိုးရနှင့်အတူ ကဏ္ဍပေါင်းစုံ၊ ဘက်ပေါင်းစုံက အသိပညာရှင်၊ အတတ်ပညာရှင်များ၊ တိုင်းရင်းသားပြည်သူများ၏ ကြိုးပမ်းအားထုတ်မှုများ ဆက်လက်၍ လိုအပ်နေဦးမည် ဖြစ်သည့်အတွက် နိုင်ငံတော်ကြီး ရေရှည်တည်တံ့ခိုင်မြဲရေး၊ အေးချမ်းသာယာရေး၊ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အတူတကွ လက်တွဲ ဆောင်ရွက်သွားကြပါဟု အလေးအနက် တိုက်တွန်းမှာကြားလိုပါကြောင်း ပြောကြားသည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် သီရိပျံ့ချီဘွဲ့ ရရှိကြသူများနှင့်အတူ မှတ်တမ်းတင်စုပေါင်းဓာတ်ပုံရိုက်စဉ်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်က ပြည်ထောင်စု စည်သူသင်္ဂဟဘွဲ့များဖြစ်ကြသည့် သရေစည်သူဘွဲ့ရရှိသူ လေးဦးနှင့် စည်သူဘွဲ့ရရှိသူ သုံးဦး၊ တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာဘွဲ့ဖြစ်သည့် သူရဘွဲ့ရရှိသူ ခြောက်ဦး၊ စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့များဖြစ်ကြသည့် သီရိပျံ့ချီဘွဲ့ရရှိသူ ၁၆ ဦးနှင့် ဝဏ္ဏကျော်ထင်ဘွဲ့ရရှိသူ ၅၈ ဦး၊ အလင်္ကာကျော်စွာဘွဲ့ရရှိသူ သုံးဦးနှင့် သိပ္ပကျော်စွာဘွဲ့ရရှိသူ လေးဦးတို့ကို ဂုဏ်ထူးဆောင်ဘွဲ့များ တစ်ဦးချင်း လက်ရောက်ချီးမြှင့်အပ်နှင်းသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဂုဏ်ထူးဆောင်ဘွဲ့ရရှိသူများနှင့် မှတ်တမ်းတင် စုပေါင်းဓာတ်ပုံရိုက်သည်။

### ရင်းရင်းနှီးနှီးနှုတ်ဆက်

အခမ်းအနား အပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် အခမ်းအနားသို့ တက်ရောက်လာကြသူများ၊ ဂုဏ်ထူးဆောင်ဘွဲ့ ရရှိကြသူများနှင့် ၎င်းတို့၏မိသားစုဝင်များကို ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

☆ **ယနေ့အချိန်တွင် နိုင်ငံတော်အစိုးရအနေဖြင့် စစ်မှန်ပြီး စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး၊ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေး၊ တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးစသည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဦးတည်ချက်များ ခိုင်ခိုင်မာမာ ချမှတ်ပြီး နိုင်ငံတော် ခေတ်မီဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို အားသွန်ခွန်စိုက် အကောင်အထည်ဖော် ဆောင်ရွက်နေ**






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်ချီးမြှင့်အပ်နှင်းခြင်း အခမ်းအနားတွင် ဂုဏ်ပြုအမှာစကား ပြောကြားစဉ်။

# တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်ချီးမြှင့်အပ်နှင်းခြင်း အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် တက်ရောက်ဂုဏ်ပြု



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် သူရဲကောင်းမှတ်တမ်းဝင်တံဆိပ်ရရှိသူ ဒုတိယဗိုလ်မှူးကြီး ရဲဦးအား ဆုတံဆိပ်ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် သူရဲကောင်းမှတ်တမ်းဝင်တံဆိပ်ရရှိသူ ဗိုလ်ကြီးထွန်းဝင်းအား ဆုတံဆိပ်ပေးအပ်ချီးမြှင့်စဉ်။

**နေပြည်တော် ဇန်နဝါရီ ၄**

တပ်မတော် စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းခြင်း အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် တက်ရောက်မိန့်ခွန်းပြောကြားပြီး ဂုဏ်ထူးဆောင်တံဆိပ်များကို ချီးမြှင့်အပ်နှင်းပေးသည်။

**တက်ရောက်**

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုး သီရိသုဓမ္မ မင်းအောင်လှိုင်နှင့် အတူ ဇနီး ဒေါ်ကြူကြူလှ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် သီရိပျံချီ မဟာသရေစည်သူ စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး သီရိပျံချီ စည်သူ မောင်မောင်အေးနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင် စည်သူ မိုးအောင်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင် စည်သူ ထွန်းအောင်နှင့် ဇနီး၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ဇနီးများ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ တပ်မတော် အရာရှိကြီးများနှင့် ဇနီးများ၊ တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ် လက်ခံရယူကြမည့် အရာရှိ၊ စစ်သည်များနှင့် အမွေခံများ တက်ရောက်ကြသည်။

**ချီးမြှင့်အပ်နှင်းလျက်ရှိ**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဂုဏ်ပြုအမှာစကား ပြောကြားရာတွင် ရဲဘော်အချင်းချင်းအပေါ် ထားရှိသည့် မေတ္တာတရား၊ သံယောဇဉ်တရား၊ သစ္စာစောင့်သိမှုတရားများကို ရှေ့တန်းတင်ပြီး တိုင်းပြည်နှင့် လူမျိုးအတွက် နိုင်ငံတော်ကာကွယ်ရေး တာဝန်များကို ရွပ်ရွပ်ချွံချွံ ရဲစွမ်းသတ္တိပြောင်မြောက်စွာ စွမ်းဆောင်ခဲ့ကြသူများကို နှစ်စဉ် ဇန်နဝါရီလ ၄ ရက် ရောက်သည့်အခါတိုင်း တပ်မတော်စွမ်းရည်သတ္တိနှင့် စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့/တံဆိပ်နှင့် လက်မှတ်များ ချီးမြှင့် အပ်နှင်းလျက်ရှိကြောင်း၊ ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဟူသည့် ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်ရမည့် တာဝန်သည် နိုင်ငံသားတိုင်း၏ တာဝန်ပင်ဖြစ်ကြောင်း၊ **မိမိတို့ထံရောက်ရှိလာသည့် သမိုင်းပေးတာဝန်များကို ရဲစွမ်းပြောင်မြောက်သည့် သူရသတ္တိအပြည့်ဖြင့် အသက်၊ သွေး၊ ချွေး၊ ခန္ဓာတို့ ရင်းနှီးပေးဆပ်ပြီး တိုက်ပွဲဝင်ခဲ့ကြသည့် နိုင်ငံ့သားကောင်းများကို ယခုကဲ့သို့ လွတ်လပ်ရေးနေ့ အခါသမယရောက်တိုင်း ဂုဏ်ပြုချီးမြှင့်လျက်ရှိခြင်းသည် ဂုဏ်ပြုထိုက်သူကို ဂုဏ်ပြုခြင်းဟူသည့် မင်္ဂလာ တရားတော်နှင့်အညီ ချီးမြှင့်ပေးခြင်း ဖြစ်သကဲ့သို့ မျိုးဆက်သစ် လူငယ်များနှင့် မျိုးဆက်သစ် တပ်မတော်သားများအတွက် အဖိုးတန်စိတ်ဓာတ်ကောင်းများကို အားကျအတုယူစေရန်ပင်ဖြစ်**ကြောင်း။

> ☆ **မိမိတို့ထံ ရောက်ရှိလာသည့် သမိုင်းပေးတာဝန်များကို ရဲစွမ်းပြောင်မြောက်သည့် သူရသတ္တိအပြည့်ဖြင့် အသက်၊ သွေး၊ ချွေး၊ ခန္ဓာတို့ ရင်းနှီးပေးဆပ်ပြီး တိုက်ပွဲဝင်ခဲ့ကြသည့် နိုင်ငံ့သားကောင်းများကို ယခုကဲ့သို့ လွတ်လပ်ရေးနေ့ အခါသမယရောက်တိုင်း ဂုဏ်ပြုချီးမြှင့်လျက်ရှိခြင်းသည် ဂုဏ်ပြုထိုက်သူကို ဂုဏ်ပြုခြင်းဟူသည့် မင်္ဂလာတရားတော်နှင့်အညီ ချီးမြှင့်ပေးခြင်းဖြစ်သကဲ့သို့ မျိုးဆက်သစ်လူငယ်များနှင့် မျိုးဆက်သစ် တပ်မတော်သားများအတွက် အဖိုးတန်စိတ်ဓာတ်ကောင်းများကို အားကျ အတုယူစေရန်ပင်ဖြစ်**

အတိတ်ကာလမှ ယနေ့ထက်တိုင် နယ်ချဲ့အင်အားကြီး နိုင်ငံများသည် ၎င်းတို့၏ အကျိုးစီးပွားကိုသာဦးစားပေးပြီး နိုင်ငံငယ်များအပေါ် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး စသည့် နည်းလမ်းမျိုးစုံသုံးပြီး ထိုးဖောက်ဝင်ရောက်ခြယ်လှယ်နေကြကြောင်း၊ ထိုသို့ လုပ်ဆောင်နိုင်ရန် အတွက် ၎င်းတို့သည် ယင်းနိုင်ငံငယ်များကို ဦးစွာ တိုင်းရင်းသားလူမျိုးအချင်းချင်းစည်းလုံးညီညွတ်မှုပျက်ပြားအောင်၊ အစိုးရနှင့်ပြည်သူ၊ ပြည်သူနှင့် တပ်မတော်ကြား သွေးကွဲသွားအောင် နည်းပညာအား၊ မီဒီယာအားများဖြင့် အရင်ဆုံးထိုးနှက်တိုက်ခိုက်မှုများ ပြုလုပ်လျက်ရှိကြောင်း၊ ထို့ကြောင့် တပ်မတော်သားများ အပါအဝင် တိုင်းရင်းသားပြည်သူများအနေဖြင့် အသိ၊ သတိနှင့်ယှဉ်ပြီး မိမိတို့နိုင်ငံ၏ အမျိုးသား အကျိုးစီးပွားကို ကာကွယ် စောင့်ရှောက်ကြရန် လိုအပ်ကြောင်း။

**ကမ္ဘာ့နိုင်ငံများနှင့် မိတ်ဝတ်မပျက် ဆက်ဆံနေထိုင်လျက်ရှိ**

မိမိတို့နိုင်ငံသည် သမိုင်းကနေ ရရှိခဲ့သည့် အတွေ့အကြုံ သင်ခန်းစာများကြောင့် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး မူကြီး(၅)ရပ်နှင့်အညီ ကမ္ဘာ့နိုင်ငံများနှင့် မိတ်ဝတ်မပျက် ဆက်ဆံနေထိုင်လျက်ရှိကြောင်း၊ နိုင်ငံတကာရေးရာ ကိစ္စရပ်များတွင် ဘက်လိုက်မှုမရှိဘဲ လွတ်လွတ်လပ်လပ် တရားမျှတမှုအပြည့်နှင့် ရပ်တည်နေသကဲ့သို့ လူသားအချင်းချင်းအပေါ်တွင် သာမက နိုင်ငံအချင်းချင်း အပေါ်၌ပါ တန်းတူညီတူ ဆက်ဆံသည့် နိုင်ငံတစ်ခုဖြစ်ကြောင်း၊ ထိုကဲ့သို့ နေထိုင်သည့်တိုင် နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို သွေးတိုးစမ်းသည့် အဖျက်အမှောင့်လုပ်ရပ်များ ရှိခဲ့သောကြောင့် မြန်မာ့တပ်မတော်၏ အစဉ်အလာကောင်းများနှင့်အညီ ပြန်လည်ချေမှုန်းခဲ့ရသည့် သမိုင်းဝင် တိုက်ပွဲပေါင်းများစွာလည်း ရှိခဲ့ပြီးဖြစ်ကြောင်း၊ နိုင်ငံတော်ကာကွယ်ရေးအတွက် **“ရဲသော်မသေ သေသော်ငရဲမလား”**ဟူသည့် ခံယူချက်ကို ရင်ဝယ်ပိုက်ပြီး တုံးတိုက်တိုက်၊ ကျားကိုက်ကိုက် စိတ်မျိုးဖြင့် တိုက်ပွဲဝင်ခဲ့ကြသူများသည် စစ်မှန်သည့် အာဇာနည်သူရဲကောင်းများဖြစ်ကြပြီး မြန်မာ့သမိုင်းမှတ်တမ်းတွင် မော်ကွန်းထိုးထားဆဲဖြစ်ကြောင်း၊ ထိုကဲ့သို့ မျိုးချစ်တပ်မတော်သား သူရဲကောင်းများ၏ အမည်နာမများသည်

**စာမျက်နှာ ၇ သို့ ✻**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်များရရှိခဲ့သည့် အရာရှိ၊ စစ်သည်များ၊ အမွေခံများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် သူရဲကောင်းမှတ်တမ်းဝင်တံဆိပ်ရရှိသူ ဗိုလ်ကြီး ဖြိုးမြင့်မြတ်အား ဆုတံဆိပ်ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် သူရဲကောင်းမှတ်တမ်းဝင်တံဆိပ်ရရှိသူ ဗိုလ်ကြီး ရဲလင်းကျော်အား ဆုတံဆိပ်ပေးအပ်ချီးမြှင့်စဉ်။

## သူရဲကောင်းမော်ကွန်း

သူငယ်ချင်း
မင်းရယ် ငါရယ်
ခပ်ငယ်ငယ်က
ဘယ်တော့မှလက်နက်မချ ဆိုခဲ့ကြတယ်။

ရင်မြေကတုတ်
လက်သုံးလုပ်တာ
သရုပ်ပြမဟုတ်
တကယ်လုပ်ကြ
မဆုတ်တမ်း မရှံ့တမ်းမဟုတ်လား။

ကျောင်းဆင်းတာလွတ်
မှာကြားလွှတ်တာ
စွန့်လွှတ်နိုင်မှ စွန့်စားရဲသတဲ့။

သူငယ်ချင်း
မင်းတို့နာမည်
စစ်စွမ်းရည်ကြောင့်
ဂုဏ်ရည်ကမွှည်း
တပ်တော်ကြီးက
ချီးမြှင့်ပေးထား
ပြည်သူများလည်း
လေးစားဂုဏ်တင်
သမိုင်းဝင်ပြီ
အသင်သူရဲကောင်းပေတကား။

**မျိုးသာခင်**

* စာမျက်နှာ ၆ မှ

ဘယ်သောအခါမှ တိမ်မြုပ်ပျောက်ကွယ်သွားမှာ မဟုတ်ဘဲ ခေတ်အဆက်ဆက် သမိုင်းစဉ်ဆက် ထာဝရမွှေးပျံ့နေမည်ဖြစ်ကြောင်းကို ပြောကြားလိုကြောင်း။

**အရေးကြုံပါက သက်လုံးကောင်း**

ယနေ့အခါတွင် ဘက်စုံစစ်ပွဲ သဘောတရား များကြောင့် တိုက်ပွဲများသည် တောတောင်များအတွင်း၌သာ တိုက်ခိုက်ကြရသည် မဟုတ်တော့ဘဲ မြို့ပြနေရာများအထိ ဆင်နွှဲလာကြသည်ကို တွေ့ရှိရသည့်အတွက် ရှေ့တန်းနယ်မြေသည် ပိုမိုကျယ်ပြန့်လာသည်ကို တွေ့ရှိရကြောင်း၊ ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုး အကျိုးအတွက် နိုင်ငံတော်ကာကွယ်ရေး တာဝန်များကို အပြောမဟုတ် အလုပ်သက်သေများနှင့် ဆောင်ရွက်ပြသည့် ပါရမီဖြည့်ဖက်များ၏ ဆောင်ရွက်ချက်များသည် သာမန်အမျိုးသမီးတိုင်း လုပ်နိုင်ခဲ့သည့် စွမ်းဆောင်ရည် များပင်ဖြစ်ကြောင်း၊ ထိုကဲ့သို့ စွမ်းဆောင်ရည်များ ပေါ်ထွက်လာခြင်း၏ အခြေခံသည် မိမိနိုင်ငံအပေါ်ထားရှိသည့် စစ်မှန်သည့် မျိုးချစ်စိတ်ကြောင့်ပင်ဖြစ်ကြောင်း၊ တပ်မတော်၏ အဓိကအမာခံ အရန်အင်အားများဖြစ်သည့်ရဲမေမိသားစုဝင်များသည် အရေးကြုံပါက သက်လုံးကောင်းစွာ မိသားစုဂုဏ်နှင့် တပ်မတော်ဂုဏ်ကို စောင့်ထိန်းသူများဖြစ်ခဲ့ကြသောကြောင့် စစ်မှန်သည့် မျိုးချစ်စိတ်များကို ဆက်လက်ထိန်းသိမ်းသွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

အများတကာ လုပ်ဆောင်နိုင်ရန် ခဲယဉ်းသည့် တာဝန်များကို စွန့်လွှတ်စွန့်စားမှု အပြည့်ဖြင့် ကျေကျေပွန်ပွန် ထမ်းဆောင်ခဲ့သူများအတွက် နှစ်စဉ်လွတ်လပ်ရေးနေ့ အခမ်းအနားများတွင် တပ်မတော် စွမ်းရည်သတ္တိနှင့် စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့/တံဆိပ်နှင့် လက်မှတ်များ ချီးမြှင့်ခြင်းအခမ်းအနားများ ကျင်းပပေးလျက်ရှိရာ ယခု အခမ်းအနားတွင် သူရဲကောင်းမှတ်တမ်းဝင်တံဆိပ်ရရှိသူ ၂၅ ဦးကို ချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း၊ ရဲသူရတံဆိပ်ရရှိသူ ကိုးဦး၊ ရဲဗလတံဆိပ်ရရှိသူ ၉၉ ဦး၊ စီမံထူးချွန်တံဆိပ် (ပထမ)ဆင့်ရရှိသူ ၁၄ ဦး၊ စီမံထူးချွန်တံဆိပ်(ဒုတိယ)ဆင့်ရရှိသူ ၂၈ ဦး၊ စီမံထူးချွန်တံဆိပ်(တတိယ) ဆင့်ရရှိသူ ၃၄ ဦး၊ လူမှုထူးချွန်တံဆိပ်(ပထမ)ဆင့်ရရှိသူ သုံးဦး၊ လူမှုထူးချွန်တံဆိပ်(ဒုတိယ)ဆင့်ရရှိသူခြောက်ဦး၊ လူမှုထူးချွန်တံဆိပ်(တတိယ)ဆင့်ရရှိသူ သုံးဦး၊ နည်းပညာထူးချွန်တံဆိပ် (ပထမ) ဆင့်ရရှိသူ ငါးဦး၊ နည်းပညာထူးချွန်တံဆိပ်(ဒုတိယ) ဆင့်ရရှိသူ ၁၀ ဦး၊ နည်းပညာထူးချွန်တံဆိပ် (တတိယ) ဆင့်ရရှိသူ ၃၃ ဦး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ သူရဲကောင်းလက်မှတ်ရရှိသူ ၁၁၁ ဦး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဂုဏ်ထူးဆောင်လက်မှတ်ရရှိသူ ၄၈၀ တို့ကိုလည်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား သက်ဆိုင်ရာ တိုင်းမှူးများက တစ်ချိန်တည်း တစ်ပြိုင်တည်း ချီးမြှင့်အပ်နှင်းသွားမည်ဖြစ်ကြောင်း။

ယနေ့ တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းခြင်းခံကြရသူများသည် နိုင်ငံတော်ကာကွယ်ရေး တာဝန်များ ထမ်းဆောင်ရာတွင် မိမိတို့ ကျရာတာဝန်များကို အသက်ကိုပင် မငဲ့ကွက်ဘဲ ဇွဲ၊ လုံ့လ၊ ဝီရိယ စိုက်ထုတ် တာဝန်ထမ်းဆောင်ပြီး မှတ်တမ်းကောင်းရေးထိုးခဲ့ကြသူများဖြစ်သဖြင့် ပြည်သူ့သားကောင်း အာဇာနည်များအဖြစ် အမြဲအမှတ်တရ လေးစားဂုဏ်ယူနေမည်ဖြစ်ကြောင်း။

အမိန့်နှင့် တာဝန်ကို ဦးထိပ်ပန်ဆင်ပြီး စွန့်စွန့်စားစား တာဝန်ထမ်းဆောင်ခဲ့ကြသည့် ပြည်သူ့သားကောင်းဇာနည်များ၏ ဖြူစင်မြင့်မြတ်သည့် နှလုံးသားများကို မျိုးဆက်သစ်များ အနေဖြင့် **လေးစားအားကျ အတုယူလျက် နိုင်ငံတော်က အားကိုးရပြီး ပြည်သူလူထုကလေးစားအားထားရသည့် မျိုးချစ်တပ်မတော်သားကောင်း ဇာနည်များဖြစ်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရန် အလေးအနက်တိုက်တွန်းမှာကြားလိုကြောင်း** ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က သူရဲကောင်းမှတ်တမ်းဝင် တံဆိပ်ရရှိသူ ဒုတိယဗိုလ်မှူးကြီး သုံးဦး၊ ဗိုလ်မှူး ကိုးဦး၊ ဗိုလ်ကြီး ၁၀ ဦး၊ ဗိုလ် တစ်ဦး၊ ဒုတိယအရာခံဗိုလ် တစ်ဦး၊ ဒုတိယတပ်ကြပ် တစ်ဦးတို့ကို ဆုတံဆိပ်များ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်များ ရရှိခဲ့သည့် အရာရှိ၊ စစ်သည်များ၊ အမွေခံများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်ခံရသူများကို လက်ဖက်ရည်ဝိုင်းဖြင့် တည်ခင်းဧည့်ခံခဲ့ပြီး မြဝတီတေးဂီတအဖွဲ့က တေးသီချင်း၊ အက၊ အလှများဖြင့် ဖျော်ဖြေကြသည်။

အခမ်းအနား အပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ် ချီးမြှင့်ခံရသူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

❖ **အမိန့်နှင့်တာဝန်ကို ဦးထိပ်ပန်ဆင်ပြီး စွန့်စွန့်စားစား တာဝန်ထမ်းဆောင်ခဲ့ကြသည့် ပြည်သူ့သားကောင်းဇာနည်များ၏ ဖြူစင်မြင့်မြတ်သည့် နှလုံးသားများကို မျိုးဆက်သစ်များအနေဖြင့် လေးစားအားကျအတုယူလျက် နိုင်ငံတော်က အားကိုးရပြီး ပြည်သူလူထုက လေးစားအားထားရသည့် မျိုးချစ်တပ်မတော်သားကောင်းဇာနည်များဖြစ်အောင် ကြိုးပမ်းဆောင်ရွက်**

# (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲနှင့် ဂုဏ်ပြုဖျော်ဖြေပွဲအခမ်းအနား ကျင်းပ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲနှင့် ဂုဏ်ပြုဖျော်ဖြေပွဲ အခမ်းအနားတက်ရောက်စဉ်။

**နေပြည်တော် ဇန်နဝါရီ ၄**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က တည်ခင်းဧည့်ခံသည့် (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲနှင့် ဂုဏ်ပြုဖျော်ဖြေပွဲ အခမ်းအနားကို ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး ဂုဏ်ပြုဆောင်ခန်းမ၌ ကျင်းပသည်။

ဦးစွာ (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့တက်ရောက်လာကြသည့် ဧည့်သည်တော်များအား ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့သည် ဂုဏ်ပြုဆောင်ခန်းမ ဥပစာမြက်ခင်းပြင်သို့ ရောက်ရှိကြပြီး နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပျံချီ မဟာသရေစည်သူ စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်တို့နှင့်အတူ ဂုဏ်ပြုညစာစားပွဲ အခမ်းအနားသို့ တက်ရောက်လာကြသည့် နိုင်ငံရေးပါတီများမှ ဥက္ကဋ္ဌများနှင့် ကိုယ်စားလှယ်များ၊ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများနှင့် သံရုံးတာဝန်ခံများ၊ ဂုဏ်ထူးဆောင်ကောင်စစ်ဝန်များနှင့် အထူးဖိတ်ကြားထားသည့် ဧည့်သည်တော်များကို ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီးတို့သည် ဂုဏ်ပြုညစာစားပွဲ အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ မီးရှူးမီးပန်းများ ပစ်ဖောက်မှုကို ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့သည် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်လာကြသူများနှင့်အတူ ဂုဏ်ပြုဆောင်ခန်းမ၌ ညစာကို အတူတကွသုံးဆောင်ကြသည်။ ညစာမသုံးဆောင်မီနှင့် သုံးဆောင်နေစဉ်အတွင်း ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ အနုပညာရှင်များနှင့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များက တေးသံသာများ၊ ပဒေသာကပွဲများဖြင့် သီဆိုတီးမှုတ်ဖျော်ဖြေကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ တက်ရောက်လာကြသူများက ကြည့်ရှု **စာမျက်နှာ ၉ သို့** ☆



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲနှင့် ဂုဏ်ပြုဖျော်ဖြေပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲနှင့် ဂုဏ်ပြုဖျော်ဖြေပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

☆ စာမျက်နှာ ၈ မှ
အားပေးကြသည်။

ပဒေသာကပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့သည် ဖျော်ဖြေတင်ဆက်ခဲ့ကြသည့် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ အနုပညာဦးစီးဌာနမှ တေးသံရှင်များနှင့် အနုပညာရှင်များကို ဂုဏ်ပြုပန်းခြင်းပေးအပ်ပြီး ဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့ တက်ရောက် လာကြသူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့သည်။

အဆိုပါ (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲ အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယ ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပျံ့ချီ မဟာသရေစည်သူ စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊ နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီ အတွင်းရေးမှူးနှင့်ဇနီး၊ ကောင်စီတွဲဖက်အတွင်းရေးမှူးနှင့် ဇနီး၊ ကောင်စီဝင်များနှင့်ဇနီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ဇနီးများ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၏ အကြံပေးပုဂ္ဂိုလ်များ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဗဟိုအကြံပေးအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများနှင့် သံရုံးတာဝန်ခံများ၊ ဂုဏ်ထူးဆောင်ကောင်စစ်ဝန်များ၊ (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဂုဏ်ထူးဆောင်ဘွဲ့ရရှိကြသူများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ နိုင်ငံရေးပါတီများမှ ဥက္ကဋ္ဌများနှင့် ကိုယ်စားလှယ်များ၊ တိုင်းရင်းသား တိုင်းရင်းသူများ၊ အနုပညာရှင်များ၊ အစိုးရမဟုတ်သော အသင်းအဖွဲ့များနှင့် အထူးဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲနှင့် ဂုဏ်ပြုဖျော်ဖြေပွဲ အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲနှင့် ဂုဏ်ပြုဖျော်ဖြေပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ ဖျော်ဖြေတင်ဆက်ခဲ့ကြသည့် တေးသံရှင်များနှင့် အနုပညာရှင်များကို ဂုဏ်ပြုပန်းခြင်းပေးအပ်စဉ်။



(၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲနှင့် ဂုဏ်ပြုဖျော်ဖြေပွဲအခမ်းအနားတွင် အနုပညာရှင်များ၏ ဖျော်ဖြေတင်ဆက်နေမှုကို တွေ့ရစဉ်။

★ ကျောဖုံးမှ

အခြေခံသည့် ပြည်ထောင်စုစနစ်တည်ဆောက်ရာတွင် အသိပညာ၊ အတတ်ပညာ၊ ပင်ကိုအရည်အသွေး၊ စွမ်းရည်များနှင့် ပြည့်စုံသည့် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်သည့် ဘက်စုံပညာရေးကဏ္ဍကို မြှင့်တင်ကြိုးပမ်းဆောင်ရွက်ရေး၊ (၃) ဥပဒေနှင့်အညီ လွတ်လပ်၍ တရားမျှတသည့် ရွေးကောက်ပွဲကျင်းပနိုင်ရေးနှင့် တစ်နိုင်ငံလုံးအကြားအလပ်မရှိ ဆန္ဒမဲပေးပိုင်ခွင့်ရရှိစေရေးအတွက် ကြိုးပမ်းဆောင်ရွက်ရေး၊ (၄)အကြမ်းဖက်ဖြစ်စဉ်များ အားလုံးချုပ်ငြိမ်းပြီး တည်ငြိမ်အေးချမ်းရေးနှင့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးအတွက် ပြည်သူလူထုတစ်ရပ်လုံး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရေး၊ (၅) စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို အခြေခံသည့် MSME စီးပွားရေးလုပ်ငန်းများကို အားပေးမြှင့်တင်ဆောင်ရွက်ရေးဟူသည့် (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်များနှင့်အညီ အနှစ်သာရပြည့်ဝစွာ ကျင်းပခြင်းဖြစ်သည်။

ဦးစွာ နံနက် ၄ နာရီ မိနစ် ၂၀ တွင် ၂၀၂၄ ခုနှစ် (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင်အခမ်းအနားကို ကျင်းပရာ အလံတင်တပ်စုက တိုင်းရင်းသား တိုင်းရင်းသူများခြံရံ၍ နိုင်ငံတော်အလံကို လွှင့်တင်သည်။

ထို့နောက် နံနက် ၆ နာရီတွင် ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ၊ တပ်မတော်အရာရှိကြီးများ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးအဖွဲ့ဝင်များ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန်၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် ဝန်ထမ်းများ၊ တိုင်းရင်းသား၊ တိုင်းရင်းသူများ၊ မိဘပြည်သူများသည် နိုင်ငံတော်အလံ အလေးပြုပွဲအခမ်းအနား ကျင်းပမည့် မြို့တော်ခန်းမရှေ့ရင်ပြင်သို့ ဝင်ရောက်နေရာယူကြသည်။

ယင်းနောက် နံနက် ၇ နာရီတွင် ၂၀၂၄ ခုနှစ် (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံအလေးပြုပွဲအခမ်းအနားကို ကျင်းပရာ တပ်မတော် (ကြည်း၊ ရေ၊ လေ) ဂုဏ်ပြုတပ်ဖွဲ့က မြို့တော်ခန်းမရှေ့ရင်ပြင်သို့ ချီတက်နေရာယူကြသည်။

ဆက်လက်၍ (၇၆) နှစ်မြောက် လွတ်လပ်ရေးနေ့ ကျင်းပရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပျံချီ မဟာသရေစည်သူ စိုးဝင်းက အလေးပြုခံစင်မြင့်သို့ရောက်ရှိပြီး ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားသို့ တက်ရောက်လာကြသူများသည် ဂုဏ်ပြုတပ်ဖွဲ့နှင့်အတူ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံကို အလေးပြုကြသည်။

ယင်းနောက် ဂုဏ်ပြုတပ်ဖွဲ့က ကျဆုံးလေပြီးသော ခေါင်းဆောင်ကြီးများနှင့် တပ်မတော်သားများအား အလေးပြု၍ သစ္စာလေးချက်ကို သံပြိုင်ရွတ်ဆိုကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပျံချီ မဟာသရေစည်သူ စိုးဝင်းက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာကို ဖတ်ကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်သည် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

သတင်းစဉ်



၂၀၂၄ ခုနှစ် (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင်အခမ်းအနားကိုကျင်းပရာ အလံတင်တပ်စုက တိုင်းရင်းသား တိုင်းရင်းသူများခြံရံ၍ နိုင်ငံတော်အလံကို လွှင့်တင်စဉ်။

## တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်နှင့် လက်မှတ်များ ပေးအပ်ချီးမြှင့်ခြင်း အခမ်းအနားများကို တိုင်းစစ်ဌာနချုပ်အသီးသီး၌ ကျင်းပ



တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်နှင့် လက်မှတ်များ ပေးအပ်ချီးမြှင့်ခြင်း အခမ်းအနား နေပြည်တော်၌ ကျင်းပစဉ်။

နေပြည်တော် ဇန်နဝါရီ ၄

တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်နှင့် လက်မှတ်များ ပေးအပ်ချီးမြှင့်ခြင်း အခမ်းအနားများကို ယနေ့မွန်းလွဲပိုင်းတွင် တိုင်းစစ်ဌာနချုပ်အသီးသီး၌ တစ်ချိန်တည်း၊ တစ်ပြိုင်တည်း ကျင်းပကြရာ သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများ၊ တပ်မတော်အရာရှိကြီးများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်ချီးမြှင့်ခြင်းခံရသူများနှင့် မိဘဆွေမျိုးများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးများက ဂုဏ်ပြုအမှာစကားများ ပြောကြားကြသည်။ ထို့နောက် တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်နှင့် လက်မှတ်များ ရရှိကြသူများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား တိုင်းမှူးများနှင့် တာဝန်ရှိသူများက တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်နှင့် ဂုဏ်ပြုလက်မှတ်များ ပေးအပ်ချီးမြှင့်ကြသည်။

**တည်ခင်းဧည့်ခံ**

ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများသည် တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်နှင့် လက်မှတ်များရရှိကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ခဲ့ကြပြီး လက်ဖက်ရည်ဝိုင်းဖြင့် တည်ခင်းဧည့်ခံခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

## သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းဝန်ထမ်းဟောင်းများအသင်း၏ သတ္တမအကြိမ် အာစရိယပူဇော်ပွဲနှင့် အသက် ၈၀ နှင့်အထက် အသင်းဝင်များ ပူဇော်ကန်တော့ပွဲအခမ်းအနား ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၄

သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း ဝန်ထမ်းဟောင်းများအသင်း၏ သတ္တမအကြိမ် အာစရိယပူဇော်ပွဲနှင့် အသက် ၈၀ နှင့်အထက် အသင်းဝင်များ ပူဇော်ကန်တော့ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီက ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း ရွှေဥဒေါင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း ဝန်ထမ်းဟောင်းများအသင်းဥက္ကဋ္ဌ ဦးမြင့်ဆွေ (ကြေးမုံသတင်းစာတိုက် စာတည်းမှူးချုပ်-ငြိမ်း)က အမှာစကားပြောကြားသည်။

ထို့နောက် အသင်းအတွင်းရေးမှူး ဦးထွန်းလင်းအောင် (မြန်မာ့သတင်းစဉ် စာတည်းမှူး-ငြိမ်း)က အသင်း၏အခြေအနေများကို တင်ပြပြီး ကန်တော့ခံပုဂ္ဂိုလ်များမှ ဦးလှကြွင်၊ ဦးမြင့်ထွန်းနှင့် ဦးလှိုင်ဝင်းတို့က မုဒိတာစကားများ ပြောကြားကြသည်။

သတ္တမအကြိမ် အာစရိယပူဇော်ပွဲနှင့် အသက် ၈၀ နှင့်အထက် အသင်းဝင်များ ပူဇော်ကန်တော့ပွဲတွင် ကန်တော့ခံပုဂ္ဂိုလ် ၁၃ ဦးအား တစ်ဦးလျှင် ငွေကျပ် တစ်သိန်းနှုန်းဖြင့်လည်းကောင်း၊ အသက် ၈၀ နှင့်အထက် အသင်းဝင် ၃၁ ဦးအား တစ်ဦးလျှင် ငွေကျပ် ခုနစ်သောင်းခွဲနှုန်းဖြင့်လည်းကောင်း ကန်တော့ခဲ့ပြီး ပူဇော်ကန်တော့ပွဲသို့ ကျန်းမာရေးအရ မတက်ရောက်နိုင်သည့် ကန်တော့ခံပုဂ္ဂိုလ်နှင့် အသက် ၈၀ နှင့်အထက် အသင်းဝင်များအား အိမ်တိုင်ရာရောက် ကန်တော့ခံပစ္စည်းနှင့် လှူဒါန်းငွေများ ပူဇော်ကန်တော့ခဲ့ကြသည်။



အဆိုပါ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းဝန်ထမ်းဟောင်းများအသင်းကို ၂၀၁၅ ခုနှစ်မှ စတင်ဖွဲ့စည်းတည်ထောင်ခဲ့ပြီး သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းမှ အငြိမ်းစားယူခဲ့ကြသူများ၊ ဝန်ထမ်းဟောင်းကြီးများနှင့် မိသားစုပင်စင်ခံစားနေကြရသူများ၏ ကျန်းမာရေးနှင့် လူမှုရေးကိစ္စများတွင် လုပ်ဖော်ကိုင်ဖက်များအနေဖြင့် စုပေါင်းပါဝင်ကူညီနိုင်ရေးအတွက် အဓိကရည်ရွယ်လုပ်ဆောင်ပေးနေခြင်းဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## အကျဉ်းသား / အကျဉ်းသူ ၉၆၅၂ ဦးတို့ကို ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြု

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

အမိန့်အမှတ် ၁ / ၂၀၂၄

၁၃၈၅ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၈ ရက်
(၂၀၂၄ ခုနှစ် ၊ ဇန်နဝါရီလ ၄ ရက်)

**ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌသည် ၂၀၂၄ ခုနှစ် ၊ ဇန်နဝါရီလ ၄ ရက်နေ့တွင် ကျရောက်သည့် (၇၆)နှစ်မြောက်လွတ်လပ်ရေးနေ့ အထိမ်းအမှတ်နေ့အားဖြင့်လည်းကောင်း၊ ပြည်သူလူထုနှလုံးစိတ်ဝမ်းအေးချမ်းစေရေးနှင့် လူသားချင်းစာနာထောက်ထားမှုကို အလေးထားသောအားဖြင့်လည်းကောင်း အကျဉ်းထောင်/အချုပ်ထောင်/စခန်းအသီးသီးတွင် ပြစ်ဒဏ်ကျခံလျက်ရှိသော အကျဉ်းသား / အကျဉ်းသူ ၉၆၅၂ ဦးတို့ကို ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၀၁၊ ပုဒ်မခွဲ (၁) အရ "နောက်တစ်ကြိမ်ပြစ်မှုထပ်မံကျူးလွန်ပါက ၎င်းပြစ်ဒဏ်အပြင် ယခုကျခံရန်ကျန်ရှိသော ပြစ်ဒဏ်များကိုပါ ဆက်လက်ကျခံပါမည်" ဟူသော စည်းကမ်းသတ်မှတ်ချက်ဖြင့် ယင်းတို့ကျခံရန်ကျန်ရှိသော ပြစ်ဒဏ်များအပေါ် လျှော့ပေါ့၍ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုလိုက်သည်။

**အမိန့်အရ**

**အောင်လင်းဒွေး**
**ဒုတိယဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

## နိုင်ငံခြားသား အကျဉ်းသား / အကျဉ်းသူ ၁၁၄ ဦးတို့ကို ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြု၍ ပြည်နှင်ဒဏ်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

အမိန့်အမှတ် ၂ / ၂၀၂၄

၁၃၈၅ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၈ ရက်
(၂၀၂၄ ခုနှစ် ၊ ဇန်နဝါရီလ ၄ ရက်)

**ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌသည် ၂၀၂၄ ခုနှစ် ၊ ဇန်နဝါရီလ ၄ ရက်နေ့တွင် ကျရောက်သည့် (၇၆) နှစ်မြောက်လွတ်လပ်ရေးနေ့ အထိမ်းအမှတ်နေ့အားဖြင့်လည်းကောင်း၊ နိုင်ငံအချင်းချင်း မိတ်ဝတ်မပျက်ဆက်ဆံရေးကို ရှေးရှုသောအားဖြင့်လည်းကောင်း ၊ လူသားချင်းစာနာထောက်ထားမှုကို အလေးထားသောအားဖြင့်လည်းကောင်း အကျဉ်းထောင် / အချုပ်ထောင်အသီးသီးတွင် ပြစ်ဒဏ်ကျခံနေရသည့် နိုင်ငံခြားသားအကျဉ်းသား/အကျဉ်းသူ ၁၁၄ ဦးကို ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၄၀၁၊ ပုဒ်မခွဲ (၁) အရ "နောက်တစ်ကြိမ်ပြစ်မှုထပ်မံကျူးလွန်ပါက ၎င်းပြစ်ဒဏ်အပြင် ယခုကျခံရန်ကျန်ရှိသော ပြစ်ဒဏ်များကိုပါ ဆက်လက်ကျခံပါမည်" ဟူသော စည်းကမ်းသတ်မှတ်ချက်ဖြင့် ယင်းတို့ကျခံရန်ကျန်ရှိသော ပြစ်ဒဏ်များအပေါ် လျှော့ပေါ့ပြီး ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြု၍ ပြည်နှင်ဒဏ်ပေးလိုက်သည်။

**အမိန့်အရ**

**အောင်လင်းဒွေး**
**ဒုတိယဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

## အင်းစိန်အကျဉ်းထောင်မှ နိုင်ငံခြားသားများနှင့် အကျဉ်းသား / အကျဉ်းသူ ၂၄၉၇ ဦးကို ပြစ်ဒဏ် လွတ်ငြိမ်းခွင့်ပြု

**ရန်ကုန် ဇန်နဝါရီ ၄**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌသည် (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်နေ့အားဖြင့်လည်းကောင်း၊ ပြည်သူလူထုနှလုံးစိတ်ဝမ်းအေးချမ်းစေရေးနှင့် လူသားချင်းစာနာထောက်ထားမှုကိုအလေးထားသောအားဖြင့်လည်းကောင်း နိုင်ငံတစ်ဝန်းရှိ အကျဉ်းထောင်၊ အချုပ်ထောင်၊ စခန်းအသီးသီးတွင် ပြစ်ဒဏ်ကျခံလျက်ရှိသည့် အကျဉ်းသား/ အကျဉ်းသူ ၉၆၅၁ ဦးနှင့် နိုင်ငံခြားသား ၁၁၄ ဦးတို့ကို ယင်းတို့ကျခံရန်ကျန်ရှိသော ပြစ်ဒဏ်များအပေါ် လျှော့ပေါ့၍ လွတ်ငြိမ်းခွင့်ပြုခဲ့သည်။

ရန်ကုန်မြို့ အင်းစိန်အကျဉ်းထောင်မှ လွတ်ငြိမ်းခွင့်ရရှိသော အကျဉ်းသား/အကျဉ်းသူ ၂၄၉၇ ဦးကို ယနေ့နံနက်ပိုင်းတွင် Stadium ခန်းမ၌ ရန်ကုန်တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးဝင်းတင့်နှင့် ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးချုပ်မျိုးမင်းထိုက်တို့က ဆုံးမသြဝါဒစကားများ ပြောကြားကြသည်။



နိုင်ငံတော်အစိုးရအနေဖြင့် အင်းစိန်အကျဉ်းထောင်မှ နိုင်ငံခြားသား ၁၈ ဦးနှင့် ၅၀၅-က အပါအဝင် နိုင်ငံသားအမျိုးသား ၂၁၆၂ ဦး၊ အမျိုးသမီး ၃၁၇ ဦး စုစုပေါင်း ၂၄၉၇ ဦးတို့ကို ယနေ့တွင် ပြစ်ဒဏ်မှ လွတ်ငြိမ်းခွင့်ပြုခဲ့ခြင်းဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက်တွင် ပြစ်ဒဏ်များမှ လွတ်ငြိမ်း သက်သာခွင့်ပြုခဲ့ရာ အင်းစိန်အကျဉ်းထောင်မှ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်တွင် ပထမဆုံးအကြိမ်အဖြစ် အကျဉ်းသား/ အကျဉ်းသူ ၁၀၇၉ ဦး၊ ဒုတိယအကြိမ်အဖြစ် ၅၀၅-က အပါအဝင် အချုပ်သား/အချုပ်သူ ၆၂၁ ဦး၊ တတိယအကြိမ်အဖြစ် ၅၀၅-က အပါအဝင် အချုပ်သား/ အချုပ်သူ ၃၂၂ ဦး၊ စတုတ္ထအကြိမ်အဖြစ် ၅၀၅-က အပါအဝင် အချုပ်သား/အချုပ်သူ ၆၆၈ ဦး၊ ပဉ္စမအကြိမ်အဖြစ် အကျဉ်းသား/အကျဉ်းသူ ၈၄၄ ဦး၊ ဆဋ္ဌမအကြိမ်အဖြစ် အချုပ်သား/အချုပ်သူ ၁၄၇၇ ဦး၊ သတ္တမအကြိမ်အဖြစ် အချုပ်သား/အချုပ်သူ ၁၁၆၇ ဦး၊ အဋ္ဌမအကြိမ်အဖြစ် အကျဉ်းသား/အကျဉ်းသူ ၉၀၊ နဝမအကြိမ်အဖြစ် အကျဉ်းသား/အကျဉ်းသူ ၁၆၀၊ ဒသမအကြိမ်အဖြစ် နိုင်ငံခြားသားများနှင့် နိုင်ငံသားအကျဉ်းသား/အကျဉ်းသူ ၉၈၅ ဦး၊ ဧကဒသမအကြိမ်အဖြစ် နိုင်ငံခြားသားများ အပါအဝင် အကျဉ်းသား/အကျဉ်းသူ ၁၄၀၀၊ ဒွေဒသမအကြိမ်အဖြစ် နိုင်ငံခြားသားနှင့် နိုင်ငံသား အကျဉ်းသား/ အကျဉ်းသူ ၂၄၉၇ ဦးတို့ကို ပြစ်ဒဏ်များမှ လွတ်ငြိမ်းသက်သာခွင့်ပြုခဲ့ပြီးဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အမိန့်အမှတ်(၁/ ၂၀၂၄)နှင့် (၂/၂၀၂၄)တို့ဖြင့် ထုတ်ပြန်သည့် ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၄၀၁၊ ပုဒ်မခွဲ(၁)အရ လွတ်ငြိမ်းသက်သာခွင့်ရရှိသော အင်းစိန်အကျဉ်းထောင်မှ အကျဉ်းသား ၂၁၆၂ ဦး၊ အကျဉ်းသူ ၃၁၇ ဦးတွင် ၅၀၅-က နှင့် အခြားသောအမှုများမှ အကျဉ်းသား၊ အကျဉ်းသူများပါဝင်ပြီး နိုင်ငံခြားသား ၁၈ ဦး စုစုပေါင်း ၂၄၉၇ ဦးတို့ကို ယနေ့မွန်းလွဲပိုင်းမှစ၍ YBS ယာဉ်များဖြင့် ရန်ကုန်မြို့ရှိ သက်ဆိုင်ရာခရိုင်များနှင့်ဒေသများသို့ ပို့ဆောင်ခဲ့ရာ လွတ်လပ်ရေးနေ့အခါသမယတွင် ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်ရရှိကြသူများ၊ လာရောက်ကြိုဆိုကြသူများဖြင့် ဝမ်းမြောက်ဝမ်းသာပျော်ရွှင်ကြလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်၊ ဓာတ်ပုံ-ကနူး**

## မန္တလေးဗဟိုအကျဉ်းထောင်မှ အကျဉ်းသား / အကျဉ်းသူ ၁၀၅၁ ဦးကို ပြစ်ဒဏ် လွတ်ငြိမ်းခွင့်ပြု

**မန္တလေး ဇန်နဝါရီ ၄**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အမိန့်အမှတ်(၁/၂၀၂၄)အရ မန္တလေးမြို့ အောင်မြေသာစံမြို့နယ်ရှိ မန္တလေးဗဟို အကျဉ်းထောင်မှ အကျဉ်းသား/ အကျဉ်းသူ ၁၀၅၁ ဦးအား ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုခဲ့ကြောင်း သိရသည်။



**ဆုံးမသြဝါဒစကားများ ပြောကြား**

အဆိုပါ မန္တလေးဗဟိုအကျဉ်းထောင်မှ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရရှိခဲ့သည့် အကျဉ်းသား ၈၆၂ ဦးနှင့် အကျဉ်းသူ ၁၈၉ ဦး စုစုပေါင်း ၁၀၅၁ ဦးတို့ကို မန္တလေး တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး နေလင်းစိုးနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး တိုင်းရဲတပ်ဖွဲ့မှူး ရဲမှူးချုပ်စိန်လွင်တို့က ယနေ့နံနက်ပိုင်းတွင် မန္တလေးဗဟို အကျဉ်းထောင်၌တွေ့ဆုံ၍ ဆုံးမသြဝါဒ စကားများ ပြောကြားကြသည်။

ထို့နောက် ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရ အကျဉ်းသား/ အကျဉ်းသူများကို အကျဉ်းထောင်တာဝန်ရှိသူများက ကျန်းမာရေး စစ်ဆေးပေးခြင်း၊ နေ့တွက်စရိတ်နှင့် ခရီးစရိတ်ပေးအပ်ခြင်းတို့ကို စနစ်တကျ ဆောင်ရွက်ပေးကာ အကျဉ်းထောင်မှ လွှတ်ပေးခဲ့သည်။

ယင်းသို့ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပေးရခြင်းနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီး အကျဉ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးချိုဝင်းထွန်းက "ဒီနေ့ကတော့ လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အနေနဲ့ ထောင်ထဲမှာ ပြစ်ဒဏ်အသီးသီးကျခံနေရတဲ့ အကျဉ်းသားတွေအနက် ထိုက်သင့်တဲ့ ပြစ်ဒဏ်တွေ ကျခံပြီးသူတွေကို လွတ်ငြိမ်းခွင့်ပေးတာ ဖြစ်ပါတယ်။ တိုင်းဒေသကြီးအတွင်းမှာရှိတဲ့ ထောင်တွေ အလုပ်စခန်းတွေအနက်က ဒီနေ့ လွှတ်ပေးရမယ့်သူပေါင်း ၁၆၉၇ ဦး ရှိပါတယ်။ ဒီလူတွေကိုလည်း သက်ဆိုင်ရာတာဝန်ရှိသူတွေက ဆုံးမစကားတွေ မှာကြားပြီး စားစရိတ်၊ ခရီးစရိတ်နဲ့ လုပ်အားခတွေ အပြည့်အဝပေးကာ သွားလိုတဲ့ ကားဂိတ်တွေ၊ ဘူတာတွေ၊ သင်္ဘောဆိပ်တွေကို ကားတွေနဲ့ ပို့ဆောင်ပေးပါတယ်။ ကျွန်တော်တို့အနေနဲ့ အခုလိုအကျဉ်းသားတွေ ပြစ်ဒဏ်ကနေ လွတ်ငြိမ်းခွင့်ရရှိခဲ့ကြတာကို ဝမ်းသာမိပါတယ်"ဟု ပြောသည်။

ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရရှိခဲ့သူတစ်ဦးကလည်း "အခုလို လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အနေနဲ့ လွတ်ငြိမ်းခွင့်ရတဲ့အထဲမှာ ပါဝင်တဲ့အတွက် အလွန်ပျော်ရွှင်မိပါတယ်။ လွတ်ငြိမ်းခွင့်ပေးတဲ့ နိုင်ငံတော်အကြီးအကဲတွေကို အထူးကျေးဇူးတင်ရှိပါတယ်။ မိသားစုနဲ့ ပြန်လည်ဆုံစည်းရမှာ ဖြစ်တဲ့အတွက်လည်း ရင်ခုန်မိနေပါတယ်။ ရှေ့ဆက်ပြီးလည်း အမှားတွေကို သင်ခန်းစာယူပြီး အကောင်းဆုံး ကြိုးစားနေထိုင်သွားမယ်လို့ ဆုံးဖြတ်ထားပါတယ်"ဟု ပြောသည်။

မန္တလေးတိုင်းဒေသကြီး အတွင်းရှိ အကျဉ်းထောင် ငါးခုနှင့် အလုပ်စခန်း ခုနစ်ခုတို့မှ အကျဉ်းသား ၁၄၀၇ ဦး၊ အကျဉ်းသူ ၂၉၀ စုစုပေါင်း ၁၆၉၇ ဦး လွတ်မြောက်လာခဲ့ကြောင်း သိရသည်။

**မောင်အေးချမ်း**

မြန်မာနိုင်ငံရောဂါဗေဒပညာရပ်ဆိုင်ရာနှီးနှောဖလှယ်ပွဲ(၂၀၂၄) အကြိုဂုဏ်ပြုဆောင်းပါး

# ရောဂါဗေဒ ရှေ့ပြေးခေတ် ရှာဖွေကုသ နယ်ပယ်အသစ်

ပါမောက္ခ
ဒေါက်တာဌေးဌေးတင်

ကျန်းမာရေးဝန်ကြီးဌာနက ကြီးမှူးကျင်းပမည့် မြန်မာနိုင်ငံရောဂါဗေဒပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲ(၂၀၂၄)ကို ဇန်နဝါရီလ ၉ ရက်နေ့နှင့် ၁၀ ရက်နေ့တို့တွင် ဆေးတက္ကသိုလ်(၁) (ရန်ကုန်) လမ်းမတော်ဝင်း၌ ကျင်းပမည်ဖြစ်ပါသည်။

နှီးနှောဖလှယ်ပွဲမတိုင်မီ ဇန်နဝါရီလ ၈ ရက်နေ့တွင် ဆေးတက္ကသိုလ်(၂) (ရန်ကုန်)၌ အကြို အလုပ်ရုံဆွေးနွေးပွဲတစ်ခုကို ကျင်းပမည်ဖြစ်ပါသည်။ ယခု နှီးနှောဖလှယ်ပွဲ၏ ဆောင်ပုဒ်မှာ "Pathology Updates in Theranostic Era" ဖြစ်ပါသည်။ အဆိုပါဆောင်ပုဒ်အား မည်သို့သောအဓိပ္ပာယ်ဖြင့် သတ်မှတ်ရသည်ကို မရှင်းလင်းမီ ဆေးသိပ္ပံပညာရပ်နှင့်တွဲလျက် ပေါ်ထွန်းလာခဲ့သော "Pathology" ဟု ခေါ်သည့် ရောဂါဗေဒပညာရပ်အကြောင်းကို ရှေးဦးစွာ တင်ပြလိုပါသည်။ Pathology ဘာသာရပ်ဆိုသည်မှာ ရောဂါတစ်ခုဖြစ်စေသော အကြောင်းရင်း၊ ရောဂါဇာစ်မြစ်၊ ရောဂါဆင့်ပွားလာပုံအဆင့်ဆင့်နှင့် နောက်ဆက်တွဲပြဿနာများကို ခန္ဓာကိုယ်တွင်းအင်္ဂါများ၊ အသားစနှင့် အရည်အမျိုးမျိုးတို့ကို ဓာတ်ခွဲခန်း၌ ခွဲခြမ်းစိတ်ဖြာလေ့လာသော ကျယ်ပြန့်နက်ရှိုင်းသည့် ဆေးပညာရပ်တစ်ခု ဖြစ်ပါသည်။

### ရောဂါဗေဒပညာရပ်ကို တစ်ခေတ်ဆန်းစေခဲ့သည်မှာ နှစ်ပေါင်း ၄၀၀ ကျော်ကြာခဲ့ပြီ

ဆေးပညာဖခင်ကြီး ဂရိသမားတော် ဟစ်ပိုခရေးတီးက အစပြု၍ အဆင့်ဆင့်သော ပညာရှင်တို့သည် သေဆုံးသူ၏ရုပ်အလောင်းကို ခွဲစိတ်ပြီး သေဆုံးရခြင်းအကြောင်းရင်းကို ရှာဖွေခဲ့ကြပါသည်။ သာမန်မျက်စိဖြင့် မမြင်နိုင်သည့် ဆဲလ်တစ်ခုချင်းစီ၏ အသေးစိတ်အထိ တွေ့မြင်လေ့လာနိုင်ရန် အဆပေါင်းများစွာချဲ့ထွင်သော အလင်းသုံးအဏုကြည့်မှန်ဘီလူးကို အသုံးပြုပြီး ရောဂါဗေဒပညာရပ်ကို တစ်ခေတ်ဆန်းစေခဲ့သည်မှာ နှစ်ပေါင်း ၄၀၀ ကျော်ကြာခဲ့ပြီ ဖြစ်ပါသည်။

ထိုမှတစ်ဆင့် အေးခဲအသားဖြတ်စများကို လေ့လာသောပညာရပ် (Frozen Section Analysis)၊ အီလက်ထရွန်အရွယ်အစားအထိ ကြည့်ရှုနိုင်သော အဏုကြည့်မှန်ဘီလူး (Electron Microscope)၊ တုံ့ပြန်ဓာတ်ပြုဆိုးဆေးများ အသုံးပြု၍ ရောဂါရှာဖွေခြင်း (Immunohisto– chemistry)၊ သွေးဖြူဥကင်ဆာဆဲလ်များကို အမျိုးအစား ခွဲခြားစိတ်ဖြာစစ်ဆေးခြင်း (Flow Cytometry)၊ မော်လီကျူးအဆင့် ရောဂါရှာဖွေသတ်မှတ်ခြင်း (Molecular Profiling)၊ မျိုးရိုးဗီဇဆိုင်ရာလေ့လာခြင်း (Cytogenetic) စသည်ဖြင့် ဆင့်ကဲတိုးတက်လာသည့် ရောဂါရှာဖွေရေး နည်းပညာအသစ်များမှ လူသားတိုင်း သက်ရှည်ကျန်းမာနေထိုင်လိုသည့် ဆန္ဒကောင်းများကိုဖြည့်ဆည်းပေးနိုင်လာကြပါသည်။

Chemical Pathology ဘာသာရပ်အနေဖြင့် ဟော်မုန်းနှင့် ပရိုတိန်းဓာတ်များ လွန်ကဲမြင့်တက်လာမှုကို စစ်ဆေးပြီး ကင်ဆာရောဂါများကို ကြိုတင်သိရှိနိုင်သည့် တိကျမှန်ကန်သော အဆင့်မြင့် Fully Automated Analyzer များ မပြတ်ပေါ်ထွက်လာနေပြီဖြစ်သည့်အတွက် ကင်ဆာရောဂါများ အဆင့်မလွန်မီကတည်းက ကြိုတင်သိရှိ ကုသပေးနိုင်ပြီဖြစ်ပါသည်။

အရည်အသွေးပြည့်ပြီး အန္တရာယ်ကင်းသော သွေးသွင်းကုသမှု (Blood Transfusion Services) ပညာရပ်သည် အသက်ကယ်လုပ်ငန်းတစ်ခုထက်သာလွန်၍ ရောဂါရှာဖွေရေးအတွက်ပါ ကျယ်ပြန့်စွာ တိုးတက်နေပြီဖြစ်သည့်အတွက် စေတနာ



သွေးလှူရှင်တို့ လှူဒါန်းရာမှရရှိသော သွေးတစ်မျိုးတည်းမှ သွေးနီဥ၊ သွေးရည်ကြည်၊ သွေးဥမွှားနှင့် အနုစိတ်အဆင့်ဆင့် သွေးခဲပစ္စည်းများ ခွဲထုတ်ကာ မတူညီသော ဝေဒနာရှင်များစွာအတွက် တစ်ဦးချင်းလိုအပ်ချက်အတိုင်း ဖြည့်ဆည်းပေးနိုင်ခဲ့ပြီဖြစ်ပါသည်။ သွေးဆဲလ်များမှ ပင်မဆဲလ်နှင့် သွေးဖြူဥအတွင်းမှ ရောဂါတိုက်ထုတ်ပေးနိုင်သည့် ဆဲလ်များကို ဓာတ်ခွဲခန်းအတွင်း ပြင်ဆင်၍ပြန်လည်ကုသပေးသည့် (CAR–T Therapy) စသည့် တိုးတက်ဆန်းပြားသော နည်းပညာများဖြင့် လှူဒါန်းသွေးကို အစွမ်းထက်ကုသပစ္စည်းများအဖြစ် အသွင်ပြောင်း ထုတ်လုပ်နေနိုင်ပြီ ဖြစ်ပါသည်။

### Molecular Profiling နည်းပညာ

Molecular Profiling နည်းပညာဖြင့် ကင်ဆာရောဂါဆိုင်ရာမျိုးရိုးဗီဇနှင့် ဗီဇပြောင်းလဲမှုများကို ရှာဖွေပြီး ထိုတွေ့ရှိချက်ဖြင့် ဝေဒနာရှင်၏ ရောဂါအား တိုက်ရိုက်တိုက်ခိုက်နိုင်မည့် အထူးပြုဆေးဝါးများ အသုံးပြုကုသနိုင်ပြီဖြစ်၍ ကင်ဆာရောဂါများ ပျောက်ကင်းမှုနှုန်း၊ အသက်ရှင်မှုနှုန်းများ မြင့်မားလာကာ သက်တမ်းစေ့နီးပါး နေထိုင်လာနိုင်ကြပြီဖြစ်ပါသည်။ ရောဂါဗေဒပညာရှင်က အဆိုပါ Targeted Therapies ကုသမှုအစဉ်အတိုင်း ဝေဒနာရှင်တစ်ဦးချင်းစီအတွက် ကုထုံးစနစ်ကို ထိန်းကျောင်းပြုပြင်ပေးနိုင်လာပြီ ဖြစ်ပါသည်။

ခန္ဓာကိုယ်အစိတ်အပိုင်းများ အစားထိုးကုသခြင်းဆိုင်ရာ ရောဂါဗေဒပညာရပ်ဖြစ်သည့် (Transplant Pathology) ဆိုသည်မှာ ခန္ဓာကိုယ်အစိတ်အပိုင်း လှူဒါန်းသူနှင့် လက်ခံသူနှစ်ဦးကြား HLAs protein ဓာတ်များ ကိုက်ညီမှုရှိ၊ မရှိ အသေးစိတ်စစ်ဆေးရသော ပညာရပ်ဖြစ်သည့်အတွက် အောင်မြင်သော အစားထိုးကုသမှုရရှိနိုင်ရန် တိုက်ဆိုင်စစ်ဆေးပေးသော ရောဂါဗေဒပညာရှင်တို့၏ အခန်းကဏ္ဍမှာ လွန်စွာအရေးကြီးလှပါသည်။

ဖော်ပြခဲ့သော ရောဂါရှာဖွေရေးနည်းပညာအသစ်များကြောင့် Pathology ၏ မူလအစ အဓိပ္ပာယ်ဖြစ်သော ရောဂါဖြစ်ပွားခြင်းနှင့် ဖြစ်တည်ပုံအဆင့်ဆင့်ကို ရှာဖွေခြင်းဟူသည့် "Diagnostic Pathology" အဆင့်ကိုကျော်လွန်ပြီး "Theranostic Pathology" ဟူသည့် နယ်ပယ်သစ်သို့ ရောက်ရှိနေပြီဖြစ်ပါသည်။ "Theranostic Pathology" ဟူသည်မှာ ရောဂါရှာဖွေခြင်းနှင့် ကုသခြင်းဟူသည့် နယ်ပယ်နှစ်ခုကို ပေါင်းစပ်ထားသည့်အသွင်ဖြင့် လူနာတစ်ဦးချင်းစီအတွက် အနီးစပ်ဆုံးမှ အတိကျဆုံးအထိ ရောဂါပျောက်ကင်းဆေးဝါးများကို ဖော်ထုတ်နိုင်သော ရောဂါရှာဖွေလေ့လာရေး ပညာရပ်အသစ်ဖြစ်ပါသည်။

ယခုအခါ ကမ္ဘာနှင့်တစ်ဝန်း ရောဂါဗေဒပညာရှင်များသည် ဝေဒနာရှင်တို့ သက်ရှည်ကျန်းမာရေးကို ရှေးရှုကာ ပညာရှင်တစ်ဦးတစ်ယောက်တည်း၏ ထင်မြင်ယူဆချက်များထက် အခြားရောဂါဗေဒပညာရှင်တို့၏ အကြံဉာဏ်၊ ထင်မြင်ချက်တို့ကို အမြန်ရရှိပေါင်းစပ်နိုင်စေရေး၊ သင်ကြားရေးနှင့် သုတေသနနယ်ပယ် တိုးတက်ရေးတို့ကိုပါ ဦးတည်သည့် "Virtual Consultation" ဖြင့် အင်တာနက်မှတစ်ဆင့် တိုင်ပင်နှီးနှောသည့် "Tele–Pathology" ဟူသည့် ရောဂါရှာဖွေနည်းသစ်ကိုလည်း ၁၉၉၀ ပြည့်နှစ်ဝန်းကျင်ကတည်းက တွင်ကျယ်စွာ အသုံးပြုနေကြပြီဖြစ်ပါသည်။

### ဉာဏ်ရည်တုနည်းပညာကို စတင်အသုံးပြု

ရောဂါရှာဖွေရေးပညာရပ်၌ ဉာဏ်ရည်တုနည်းပညာ "Artificial Intelligence" ကို စတင်အသုံးပြုလာခြင်းကြောင့် အသားစနှင့် အရည်အမျိုးမျိုးတို့ကို အဏုကြည့်မှန်ဘီလူးအောက်တွင် လေ့လာကြည့်ရှုရာ၌ ဓာတ်သဘောမပျက်စီးစေဘဲ ကောင်းမွန်သော ပုံရိပ်အရည်အသွေးရရှိစေရန် ပြင်ဆင်ထားသော မှန်ချပ်များကို ရောဂါဗေဒပညာရှင်တို့ကိုယ်တိုင် ဖတ်ရှုရန်မလိုအပ်ဘဲ အဆိုပါမှန်ချပ်တစ်ခုလုံးအား ဒစ်ဂျစ်တယ်နည်းပညာဖြင့် အမြန်ဆုံးဖတ်ရှုပေးပြီး ရောဂါအမည်ကို အကြမ်းဖျင်း ကူညီဖော်ထုတ်ပေးနိုင်လာပြီဖြစ်ပါသည်။

ထိုအကူအညီသည် ရောဂါဗေဒပညာရှင်များနှင့် ဓာတ်ခွဲမှုဆိုင်ရာ နည်းပညာရှင်တို့အား အစားထိုးရန်မဟုတ်ဘဲ အချိန်နှင့် အလုပ်ဝန်ထုပ်ဖိစီးမှုသက်သာစေကာ နည်းစနစ်မှန် ရောဂါရှာဖွေရေး၌ အားဖြည့်ပံ့ပိုးခြင်းသာ ဖြစ်ပါသည်။

ထို့အပြင် AI နည်းပညာအကူအညီကြောင့် ရောဂါရှာဖွေရေးနယ်ပယ်အပြင် ရောဂါပြင်းထန်မှုပမာဏ ခန့်မှန်းခြင်း၊ မျိုးရိုးဗီဇပြောင်းလဲမှု ရှာဖွေခြင်း၊ သုတေသနနှင့် ပညာရပ်ဆိုင်ရာ နယ်ပယ်ချဲ့ထွင်တိုးတက်လာစေခြင်း၊ ကင်ဆာရောဂါဆိုင်ရာဆေးဝါးအသစ်များ ရှာဖွေနိုင်ခြင်း စသည့် ကျန်းမာရေးနယ်ပယ်အသီးသီး၌ ဖွံ့ဖြိုးတိုးတက်မှုများ တွေ့ရှိလာရပါသည်။

### ဆေးလက်တွေ့ရောဂါဗေဒအဖွဲ့ကို ၁၉၈၄ ခုနှစ်တွင် စတင်ဖွဲ့စည်း

မြန်မာနိုင်ငံတွင် ဆေးပညာဘွဲ့ M.B.,B.S သင်တန်းကို ၁၉၂၃ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့ရာ ၁၉၃၀ ပြည့်နှစ်တွင် ရောဂါဗေဒ(ပါမောက္ခ) တာဝန်ကို နိုင်ငံခြားသားဆရာဝန်ကြီးများဖြင့် တာဝန်ယူခဲ့ကြပြီး ၁၉၅၆ ခုနှစ်တွင် ဒေါက်တာခင်မောင်ဝင်းက ပထမဆုံးသော မြန်မာနိုင်ငံသား ပါမောက္ခအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပါသည်။ မြန်မာနိုင်ငံဆရာဝန်အသင်း၊ ဆေးလက်တွေ့ရောဂါဗေဒအဖွဲ့ကို ၁၉၈၄ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့ပြီးနောက် ၂၀၁၉ ခုနှစ်အထိ မြန်မာနိုင်ငံရောဂါဗေဒညီလာခံကို (၁၁)ကြိမ်မြောက်အထိ ကျင်းပနိုင်ခဲ့ပြီး ပြည်တွင်း၊ ပြည်ပ ရောဂါဗေဒပညာရှင်များ၏ ပညာရပ်ဆိုင်ရာစာတမ်းများ၊ လေ့လာမှုများနှင့် ဆွေးနွေးပွဲရလဒ်များမှသည် အနာဂတ်ပညာရပ်ဆိုင်ရာ တိုးတက်ရေး အခြေခံကောင်းများ ချမှတ်နိုင်ခဲ့ကြပါသည်။

ရောဂါဗေဒဒီပလိုမာသင်တန်းကို ၁၉၆၅ ခုနှစ်၊ ဆေးပညာမဟာသိပ္ပံ(ရောဂါဗေဒ) သင်တန်းကို ၁၉၉၁ ခုနှစ်မှ ယနေ့အထိ၊ ရောဂါဗေဒပါရဂူ (Ph.D) သင်တန်းကို ၁၉၉၈ ခုနှစ်မှ ၂၀၁၉ ခုနှစ်အထိ၊ ဘာသာခွဲများအလိုက် ရောဂါဗေဒဆေးလက်တွေ့ပါရဂူ (Doctorate) ဘွဲ့သင်တန်းကို ၂၀၂၀ ပြည့်နှစ်မှ ယနေ့အထိ ဖွင့်လှစ်နေပြီး ရောဂါဗေဒအထူးကုဆရာဝန်များ စုစုပေါင်း ၈၈၇ ဦးအထိ ရှိနေပြီဖြစ်ကာ ပြည်တွင်း၊ ပြင်ပ ဆေးရုံကြီးများ၊ ဆေးနှင့် ဆေးနှီးနွှယ် တက္ကသိုလ်များ၊ ဆေးသုတေသနဦးစီးဌာန၊ တပ်မတော်ဆေးတက္ကသိုလ်၊ တပ်မတော်ဆေးရုံကြီးများနှင့် ပုဂ္ဂလိက ကျန်းမာရေးကဏ္ဍအသီးသီးတို့တွင် တာဝန်ထမ်းဆောင်လျက်ရှိပါသည်။

အစဉ်အလာကောင်းတစ်ခုအနေဖြင့် ရောဂါဗေဒဆရာဝန်များအဖွဲ့မှ နှစ်လလျှင်တစ်ကြိမ် ဝါရင့်ဆရာကြီး ဆရာမကြီးများ ဦးဆောင်ပြီး ရောဂါအမည်တပ်ရန် ခက်ခဲနက်နဲသော ပြဿနာများကို ပညာရှင်များက ဝိုင်းဝန်းဆွေးနွေးကြသည့် ဘွဲ့လွန်သင်တန်းသား သင်တန်းသူများအတွက် လေ့လာသင်ကြားနိုင်ရေးအစီအစဉ်ကိုလည်း ပုံမှန်ဆောင်ရွက်လျက်ရှိပါသည်။ **စာမျက်နှာ ၁၃ သို့** ❒

> **"ရောဂါရှာဖွေရေးပညာရပ်၌ ဉာဏ်ရည်တုနည်းပညာ "Artificial Intelligence" ကို စတင်အသုံးပြုလာခြင်းကြောင့် အသားစနှင့် အရည်အမျိုးမျိုးတို့ကို အဏုကြည့်မှန်ဘီလူးအောက်တွင် လေ့လာကြည့်ရှုရာ၌ ဓာတ်သဘောမပျက်စီးစေဘဲ ကောင်းမွန်သော ပုံရိပ်အရည်အသွေးရရှိစေရန် ပြင်ဆင်ထားသော မှန်ချပ်များကို ရောဂါဗေဒပညာရှင်တို့ကိုယ်တိုင် ဖတ်ရှုရန်မလိုအပ်ဘဲ အဆိုပါ မှန်ချပ်တစ်ခုလုံးအား ဒစ်ဂျစ်တယ်နည်းပညာဖြင့် အမြန်ဆုံးဖတ်ရှုပေးပြီး ရောဂါအမည်ကို အကြမ်းဖျင်း ကူညီဖော်ထုတ်ပေးနိုင်လာပြီ"**

# (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ စစ်ရေးပြအခမ်းအနားနှင့် ပျော်ပွဲရွှင်ပွဲ အားကစားပြိုင်ပွဲများ ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၄**

(၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ စစ်ရေးပြအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)ဝင်းအတွင်းရှိ အနော်ရထာခန်းမရှေ့ စစ်ရေးပြကွင်း၌ ကျင်းပသည်။

အခမ်းအနားသို့ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး တေဇကျော်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်၊ စစ်သမီးများ တက်ရောက်ကြပြီး အခမ်းအနားတွင် နိုင်ငံတော်အလံအလေးပြုခြင်း၊ ကျဆုံးလေပြီးသော တပ်မတော်သားများအား အလေးပြုခြင်းတို့ကို စစ်ရေးပြအစီအစဉ်အတိုင်း ဆောင်ရွက်ကြသည်။ ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး တေဇကျော်က (၇၆) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် မိန့်ခွန်းပြောကြားသည်။

**ပေးအပ်ချီးမြှင့်**

ထို့နောက် (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲ အားကစားပြိုင်ပွဲများ ကျင်းပပြီး အားကစားနည်းများ အလိုက် ဆုရရှိသူများကို ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ စခန်းမှူးနှင့် တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

အလားတူ (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ စစ်ရေးပြအခမ်းအနားများကို တိုင်းစစ်ဌာနချုပ်များအလိုက် ကျင်းပကြရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ် အသီးသီးမှ တိုင်းမှူးများ၊ တပ်မတော်အရာရှိကြီးများ၊ တပ်ရင်း/တပ်ဖွဲ့မှူးများနှင့် အရာရှိ၊ စစ်သည်များ တက်ရောက်ကြပြီး စစ်ရေးပြအစီအစဉ်အတိုင်း ဆောင်ရွက်ကြသည်။

ထို့ပြင် တိုင်းစစ်ဌာနချုပ်များအလိုက် (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲ အားကစားပြိုင်ပွဲများကို ကျင်းပပြုလုပ်ပြီး အားကစားပြိုင်ပွဲများအလိုက် ဆုရရှိသူများကို တိုင်းမှူးများနှင့် တာဝန်ရှိသူများက ဆုများ ပေးအပ်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**











❒ စာမျက်နှာ ၁၂ မှ

**ရောဂါရှာဖွေရေးအပြင် ကုသမှုရှုထောင့်ကပါ အပြည့်အဝပေးနိုင်စေရေး ရည်ရွယ်**

ကျင်းပတော့မည့် နှီးနှောဖလှယ်ပွဲ၏ဆောင်ပုဒ်ဖြစ်သော "Pathology Updates in Theranostic Era"အား ရိုးရှင်းစွာဖြင့် **"ရောဂါဗေဒ ရှေ့ပြေးခေတ် ရှာဖွေကုသ နယ်ပယ်အသစ်"** ဟု အဓိပ္ပာယ်ဖွင့်ဆိုလိုပြီး ဆိုခဲ့ပြီးသောရာစုနှစ်၊ ဆယ်စုနှစ်အတွင်း တစ်ဟုန်ထိုး တိုးတက်လာသည့် နည်းပညာအသစ်များဖြင့် ပြည်သူလူထုအား အရည်အသွေးပြည့်ဝသည့် ကျန်းမာရေးစောင့်ရှောက်မှု (Quality Healthcare)ကို ရောဂါရှာဖွေရေးအပြင် ကုသမှုရှုထောင့်ကပါ အပြည့်အဝပေးနိုင်စေရေး ရည်ရွယ်ချက်ဖြင့် နှီးနှောဖလှယ်ပွဲကို ကျင်းပမည်ဖြစ်ပါသည်။

နှီးနှောဖလှယ်ပွဲမတိုင်မီ အကြိုအလုပ်ရုံဆွေးနွေးပွဲ၌ Immunohistochemistry Technique (တုံ့ပြန်ဓာတ်ပြုဆိုးဆေးများ အသုံးပြု၍ ရောဂါရှာဖွေခြင်းနည်းပညာ)ကို ရောဂါဗေဒဆရာဝန်များနှင့် ဆေးဘက်ဆိုင်ရာ ဓာတ်ခွဲနည်းပညာရှင်များအား စင်ကာပူနိုင်ငံမှ ရောဂါဗေဒဆရာဝန်ကြီး အပါအဝင် ပြည်တွင်းပညာရှင်များက လက်တွေ့သင်ကြားပြသပေးမည်ဖြစ်ရာ ရလဒ်ကောင်းအနေဖြင့် နိုင်ငံတော်အစိုးရက ထောက်ပံ့ပေးမည့် အဆင့်မြင့် ဓာတ်ခွဲဆေးပစ္စည်းများကို အကျိုးရှိစွာအသုံးချပြီး ဝေဒနာရှင်တို့အတွက် တိကျမှန်ကန်သော ရောဂါအမည်ကို ဖော်ထုတ်ပေးနိုင်မည် ဖြစ်ပါသည်။

နှီးနှောဖလှယ်ပွဲ နှစ်ရက်တွင်လည်း ရောဂါဗေဒဘာသာရပ်၏ ပင်မဒေါက်တိုင်ဖြစ်သည့် အသားမျှင်ဗေဒ၊ သွေးရောဂါဗေဒ၊ ဓာတုရောဂါဗေဒနှင့် လုံခြုံစိတ်ချရသော သွေးသွင်းကုသမှုဆိုင်ရာ ဘာသာရပ်တို့၏ နောက်ဆုံးပေါ်နည်းပညာရပ်များ၊ Tele-Pathology & Artificial Intelligence in Pathology ကဏ္ဍများ တိုးတက်စေရေးတို့ကို ပြည်တွင်းမှ ရောဂါဗေဒပညာရှင်များ၊ ရုရှားနှင့် ဂျပန်နိုင်ငံတို့မှ ပညာရှင်များက တင်ပြကြမည့်အပြင် ရောဂါအဖြေရှာရခက်သည့် ကိစ္စရပ်များကို မည်ကဲ့သို့ ထုတ်ဖော်ဖြေရှင်းနိုင်သည်ဆိုသည့် ဆွေးနွေးချက်များအား တိုက်ရိုက်တင်ပြချက်များ၊ ပိုစတာတင်ပြချက်များဖြင့် မြိုင်မြိုင်ဆိုင်ဆိုင် ကျင်းပမည်ဖြစ်ပါသည်။

ထို့အပြင် အတွေ့အကြုံရှိ ဝါရင့်ရောဂါဗေဒပညာရှင်ကြီးများက ပို့ချမည့် Key Notes များသည် ရောဂါဗေဒဆရာဝန်ငယ်များအတွက် ကိုင်စွဲရမည့် လုပ်ငန်းလမ်းညွှန်သဖွယ် နာယူမှတ်သားခွင့်ရရှိမည်ဖြစ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာနက ကြီးမှူးကျင်းပသော အမျိုးသားအဆင့် ကျန်းမာရေးညီလာခံနှင့် ပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲများ၏ ဘုံရည်မှန်းချက်မှာ ကမ္ဘာတစ်ဝန်း တစ်ဟုန်ထိုး ဖွံ့ဖြိုးတိုးတက်နေသည့်ဆေးပညာရပ်ဆိုင်ရာနည်းနာသစ်များကို မြန်မာနိုင်ငံ ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍအသီးသီး၌ တာဝန်ယူဆောင်ရွက်ပေးနေသည့် ပညာရှင်အသီးသီးတို့ လက်လှမ်းမီသိရှိပြီး ပြည်သူလူထုတိုင်း သက်ရှည်ကျန်းမာ သက်တမ်းစေ့နေနိုင်ရေးအတွက် ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရေး ဖြစ်ပါသည်။

နိဂုံးချုပ်အနေဖြင့် ရောဂါရှာဖွေရေးနယ်ပယ်သာမက ကုထုံးဖော်စပ်သည့် နယ်ပယ်အထိပါ ကျယ်ဝန်းလှသည့် ပြောင်းလဲတိုးတက်နေသည့် ရောဂါဗေဒနည်းပညာအသစ်များကို ဆွေးနွေးကြားနာရမည့် မြန်မာနိုင်ငံရောဂါဗေဒပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲ (၂၀၂၄) သည် ကုသရေး၊ သင်ကြားရေးနှင့် သုတေသနနယ်ပယ်များ၌ တာဝန်ထမ်းဆောင်နေကြသည့် ရောဂါဗေဒ ဆရာဝန်ကြီး/ဆရာဝန်ငယ်များအတွက် ပညာတန်ဖိုးကြီးမားလှသည့်အပြင် မြန်မာနိုင်ငံ ပြည်သူလူထုတစ်ရပ်လုံးအတွက် ကောင်းကျိုးဖော်ဆောင်ပေးနိုင်မည့် ကျန်းမာရေးဝန်ကြီးဌာနက ဦးဆောင်ကျင်းပမည့် ဆေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲကြီးဖြစ်ပါကြောင်း ဂုဏ်ပြုရေးသားလိုက်ရပါသည်။ ။

**ကျမ်းကိုးစာရင်း**


https://www.mohs.gov.mm
http://um1yangon.edu.mm
https://www.sciencedirect.com

# ဒုတိယဝန်ကြီး ဦးရဲတင့် (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲနှင့် အားကစားပွဲများ လာရောက်ကြည့်ရှုအားပေး

**နေပြည်တော် ဇန်နဝါရီ ၄**

၂၀၂၄ ခုနှစ် (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အဖြစ် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ဝန်ကြီးဌာနများ၊ အခြေခံပညာကျောင်းများနှင့် ရပ်ကွက်များတွင် ပျော်ပွဲရွှင်ပွဲနှင့် အားကစားပြိုင်ပွဲများ ကျင်းပလျက်ရှိရာ နိုင်ငံ့ဝန်ထမ်းများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ပြည်သူလူထုများ ပျော်ရွှင်စွာပါဝင်ဆင်နွှဲကြသည်။

**ကြည့်ရှုအားပေး**

နံနက်ပိုင်းတွင် ပြန်ကြားရေးဝန်ကြီးဌာနမှ ဦးဆောင်၍ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာန၊ အလုပ်သမားဝန်ကြီးဌာနနှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနတို့ ပူးပေါင်းကျင်းပသည့် (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲနှင့် အားကစားပွဲများကို ဝဏ္ဏသိဒ္ဓိရပ်ကွက် ဇမ္ဗူသီရိမြို့နယ်ရှိ အမှတ်(၁၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်သည် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ကျောင်းသားမိဘများနှင့်အတူ အလျားခုန်ပြိုင်ပွဲ၊ အပြေးပြိုင်ပွဲ၊ ခြေပူးပြိုင်ပွဲ၊ သံပရာသီး ဇွန်းကိုက်ပြိုင်ပွဲ၊ ခါးကွင်းလှည့်ပြိုင်ပွဲ၊ မိတ်ကပ်ပြင်ပြိုင်ပွဲ၊ အင်္ကျီဝတ်ပြိုင်ပွဲ၊ မုန့်စားပြိုင်ပွဲ၊ ပူဖောင်းဖောက်ပြိုင်ပွဲ၊ ကြက်ဖခွပ်ပြိုင်ပွဲ၊ ကျောကုန်းထောက်ခုန်ပြိုင်ပွဲ၊ လွန်ဆွဲပြိုင်ပွဲ၊ ဂုန်နီအိတ်စွပ်ပြိုင်ပွဲ၊ ရွှေစွန်ညိုပြိုင်ပွဲ၊ ဘော်လီဘောပြိုင်ပွဲ၊ ပိုက်ကျော်ခြင်းပြိုင်ပွဲ၊ စက်ဘီးအနှေးစီးပြိုင်ပွဲ၊ ထုပ်ဆီးတိုးပြိုင်ပွဲ၊ အပ်ထိုးပြိုင်ပွဲ စသည့်ပြိုင်ပွဲများတွင် အားကစားနည်းအလိုက်အစုအဖွဲ့အလိုက်၊ အသင်းအဖွဲ့အလိုက် ပျော်ရွှင်စွာ ပါဝင်ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးသည်။



ထို့နောက် ဒုတိယဝန်ကြီးသည် လွန်ဆွဲပြိုင်ပွဲ၊ သံပရာသီးဇွန်းကိုက်ပြိုင်ပွဲ၊ အပြေးပြိုင်ပွဲနှင့် ထုပ်ဆီးတိုးပြိုင်ပွဲတို့တွင် ဆုများရရှိကြသည့် ကျောင်းသား ကျောင်းသူများနှင့် ဆရာမများကို ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် အားကစားနည်းအလိုက် ဆုများရရှိကြသူများကို ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် ညွှန်ကြားရေးမှူးများ၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာန၊ အလုပ်သမားဝန်ကြီးဌာနနှင့် သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာနတို့မှ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ အမှတ်(၁၁) အခြေခံပညာ အထက်တန်းကျောင်းမှကျောင်းအုပ်ဆရာမကြီးတို့က ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။

**ဂုဏ်ပြုဆုများချီးမြှင့်**

အလားတူ နေပြည်တော်ကောင်စီနယ်မြေ မြို့နယ်များအတွင်းရှိ အခြေခံပညာကျောင်းများနှင့် ရပ်ကွက်အသီးသီးတွင်လည်း အားကစားပြိုင်ပွဲများ ကျင်းပလျက်ရှိရာ ကျောင်းသား ကျောင်းသူများ၊ မိသားစုဝင်များနှင့် ဒေသခံပြည်သူများ ပါဝင်ယှဉ်ပြိုင်ကြကာ အားကစားနည်းအလိုက် ဆုရရှိကြသူများကို ပညာရေးမှူးများနှင့် ကျောင်းအုပ်ဆရာ ဆရာမကြီးများ၊ သက်ဆိုင်ရာဆရာ ဆရာမများနှင့် ရပ်ကွက်အလိုက် တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးအေးကျော် (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲနှင့် အားကစားပြိုင်ပွဲ ကြည့်ရှုအားပေး

**နေပြည်တော် ဇန်နဝါရီ ၄**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကျော်သည် ဝန်ကြီးဌာနအသီးသီးမှ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ပြည်ထောင်စုနယ်မြေရှိ အထက(၈) အခြေခံပညာအထက်တန်းကျောင်း အားကစားကွင်း၌ ကျင်းပသည့် (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်ပျော်ပွဲရွှင်ပွဲနှင့် အားကစားပြိုင်ပွဲများကို တက်ရောက်ကြည့်ရှုအားပေးသည်။

**ကြည့်ရှုအားပေး**

ဦးစွာ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ဦးဆောင်ဝန်ကြီးဌာနအဖြစ် တာဝန်ယူပြီး ပြည်ထောင်စုလွှတ်တော်ရုံး၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး၊ ဥပဒေရေးရာဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနတို့မှ အထောက်အကူပြုဆောင်ရွက်သည့် (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲနှင့် အားကစားပြိုင်ပွဲအခမ်းအနားကျင်းပသည့် နေပြည်တော် ပြည်ထောင်စုနယ်မြေရှိ အထက(၈) အခြေခံပညာအထက်တန်းကျောင်းသို့ သွားရောက်ကာ ပျော်ပွဲရွှင်ပွဲနှင့် အားကစားပြိုင်ပွဲများ အနက်(ကျား/မ) မီတာ(၁၀၀) အပြေးပြိုင်ပွဲ ယှဉ်ပြိုင်နေမှု၊ ထုပ်ဆီးတိုးပြိုင်ပွဲယှဉ်ပြိုင်နေမှု၊ ဘော်လီဘော အားကစားယှဉ်ပြိုင်နေမှုအပါအဝင် အခြားသော အားကစားပွဲစဉ် ၂၀ ပွဲကို ကြည့်ရှုအားပေးခဲ့ကြပြီး အနိုင်ရရှိသည့် အသင်းသားများကို ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်၍ အားပေးစကားများ ပြောကြားသည်။



(၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲနှင့် အားကစားပြိုင်ပွဲများတွင် အာလူးကောက်ပြေးပြိုင်ပွဲ(ကျား/မ)၊ မုန့်စားပြိုင်ပွဲ(ကျား/မ)၊ ပူဖောင်းဖောက်ပြိုင်ပွဲ(ကျား/မ)၊ ဂုန်နီအိတ်စွပ်အပြေးပြိုင်ပွဲ(ကျား/မ)၊ အပ်ချည်ထိုးပြေးပြိုင်ပွဲ(ကျား/မ)၊ ခြေပူးပြေးပြိုင်ပွဲ(ကျား/မ)၊ အလျားခုန်ပြိုင်ပွဲ(ကျား/မ)၊ ဖယောင်းတိုင်မီးထွန်းပြိုင်ပွဲ(ကျား/မ)၊ မီတာ ၁၀၀ အပြေးပြိုင်ပွဲ(ကျား/မ)၊ ဘော်လီဘောပြိုင်ပွဲနှင့် ထုပ်ဆီးတိုးပြိုင်ပွဲတို့တွင် ကျောင်းသား ကျောင်းသူများအားလုံး ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီးများ (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲများနှင့် ပျော်ပွဲရွှင်ပွဲများကျင်းပနေမှု ကြည့်ရှုအားပေး

**နေပြည်တော် ဇန်နဝါရီ ၄**

ဆောက်လုပ်ရေးဝန်ကြီးဌာနက ဦးဆောင်၍ အထောက်အကူပြု ဝန်ကြီးဌာနများဖြစ်သည့် ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာန၊ တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်းခွဲတို့ ပူးပေါင်း၍ (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲများနှင့် ပျော်ပွဲရွှင်ပွဲများကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အမှတ်(၃)အခြေခံပညာ အထက်တန်းကျောင်းခွဲ(သပြေကုန်း)၌ ကျင်းပသည်။

**တက်ရောက်အားပေး**

အခမ်းအနားသို့ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းဖေ၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇော်အေးမောင်၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများ၊ ဝန်ထမ်းမိသားစုများ၊ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းခွဲ (သပြေကုန်း) မှ ကျောင်းအုပ်ကြီးနှင့် ဆရာ ဆရာမ များ၊ ပြိုင်ပွဲဝင်အသင်းသား အသင်းသူများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်အားပေးကြသည်။



ဦးစွာ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများသည် ဝန်ကြီးဌာနများမှ အသင်းလိုက် ပိုက်ကျော်ခြင်းပြိုင်ပွဲ၊ ထုပ်ဆီးတိုးပြိုင်ပွဲ၊ စားပွဲတင်တင်းနစ်ပြိုင်ပွဲ၊ လွန်ဆွဲပြိုင်ပွဲများ ယှဉ်ပြိုင်နေမှုနှင့် ဝန်ထမ်းမိသားစုများ၊ ကျောင်းသား ကျောင်းသူများ၏ အားကစားနည်းမျိုးစုံအလိုက် ယှဉ်ပြိုင်နေမှုတို့ကို ကြည့်ရှုအားပေးသည်။

ထို့နောက် ဆုပေးပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များက ပြိုင်ပွဲတွင် အားကစားနည်းအလိုက် ပထမဆု၊ ဒုတိယဆု၊ တတိယဆုနှင့် စတုတ္ထဆုရရှိသည့် အသင်းများနှင့် တစ်ဦးချင်း ပထမဆု၊ ဒုတိယဆုနှင့် တတိယဆုရရှိသည့် အားကစားသမားများကို ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

**တပျော်တပါး ပါဝင်ဆင်နွှဲ**

ယနေ့ကျင်းပသည့် (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲများကို နိုင်ငံ့ဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုများ၊ ကျောင်းသား ကျောင်းသူများ တပျော်တပါး ပါဝင်ဆင်နွှဲခဲ့ကြပြီး ထုပ်ဆီးတိုး၊ စားပွဲတင်တင်းနစ်၊ ပိုက်ကျော်ခြင်း၊ ဘော်လီဘော၊ ဂုန်နီအိတ်စွပ်၊ လွန်ဆွဲ၊ ခြေပူးပြေး၊ အပ်နဖားထိုး၊ ဆန်ကောရွက်၊ မုန့်စား၊ ကြယ်သီးတပ်၊ အာလူးကောက်၊ ပူဖောင်းဖောက်၊ မီတာ(၅၀/၇၅/၁၀၀) အပြေးပြိုင်ပွဲများ စသည်ဖြင့် ပြိုင်ပွဲအမျိုးအစား (၁၇) မျိုးကျင်းပ၍ တက်ရောက်လာသူများနှင့် ပြိုင်ပွဲဝင်အသင်းသား အသင်းသူများကို စတုဒိသာဖြင့် ဧည့်ခံကျွေးမွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးတို့တွင် (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အလံတင်အခမ်းအနားများ၊ ပျော်ပွဲရွှင်ပွဲများ၊ အားကစားပြိုင်ပွဲများနှင့် ဂုဏ်ပြုမီးအလှထွန်းညှိခြင်းများပြုလုပ်





**နေပြည်တော် ဇန်နဝါရီ ၄**

ယနေ့သည် မြန်မာတစ်မျိုးသားလုံး ဝမ်းသာပျော်ရွှင်မဆုံးဖြစ်ရသော (၇၆)နှစ်မြောက်လွတ်လပ်ရေးနေ့ဖြစ်သည်နှင့်အညီ လွတ်လပ်ရေးနေ့ အလံ တင်အခမ်းအနားများ၊ အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲ များနှင့် အားကစားပြိုင်ပွဲများကို မြန်မာနိုင်ငံအနှံ့ အပြားရှိ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့တွင် စည်ကားသိုက်မြိုက်စွာကျင်းပလျက်ရှိသည်။

**စည်ကားလျက်ရှိ**

ထို့ပြင် တန်ခိုးကြီးဘုရားစေတီများ၊ ပန်းခြံများ၊ အများနှင့်သက်ဆိုင်သောနေရာများ၌ ဘုရားဖူးမြော်သူများနှင့် လာရောက်အပန်းဖြေသူများဖြင့် စည်ကားလျက်ရှိသည်။

အလားတူ နေပြည်တော်ကောင်စီနယ်မြေ၊ ရန်ကုန်၊ မန္တလေးမြို့ကြီးများအပါအဝင် အခြားမြို့ကြီးများ၌ လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဂုဏ်ပြုမီးအလှများ ထွန်းညှိခြင်းများ ဆောင်ရွက်ကြရာ လာရောက်ကြည့်ရှုသူ မိဘပြည်သူများဖြင့် စည်ကားများပြားလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



၂၀၂၄ ခုနှစ်(၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်ပွဲတော်ကို ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်၌ ဇန်နဝါရီ ၄ ရက် ညပိုင်းတွင်ကျင်းပရာ နိုင်ငံကျော်တေးသံရှင်များ၏ ဖျော်ဖြေတင်ဆက်မှုနှင့်အတူ ပြည်သူများက ကြည့်ရှုအားပေးနေမှုကို တွေ့ရစဉ်။ ဓာတ်ပုံ- ဇော်မင်းလတ်(MNA)





## တောင်ကိုရီးယားရှိ တရားမဝင် နိုင်ငံခြားသားအလုပ်သမားများ နေရပ်ပြန်နိုင်ရေးအစီအစဉ် ဖေဖော်ဝါရီ ၂၉ ရက်အထိ သက်တမ်းတိုးမြှင့်ထားဟု မြန်မာသံရုံးအသိပေး

**ရန်ကုန် ဇန်နဝါရီ ၄**

ကိုရီးယားသမ္မတနိုင်ငံတွင် တရားမဝင် အလုပ်လုပ်နေသော နိုင်ငံခြားသားများအနေဖြင့် ဒဏ်ကြေးကင်းလွတ်ခွင့်အပြင် ပြန်ဝင်ခွင့်ကန့်သတ်ချက်များမှလည်း ကင်းလွတ်ခွင့်ရနိုင်မည့် နေရပ်ပြန်နိုင်ရေးအစီအစဉ်ကို ဖေဖော်ဝါရီလကုန်အထိသက်တမ်းတိုးမြှင့်ထားကြောင်း အဆိုပါနိုင်ငံဆိုင်ရာ မြန်မာသံရုံးက အသိပေးထားသည်။

အဆိုပါအစီအစဉ်ကို ဖေဖော်ဝါရီ ၂၉ ရက်အထိ သက်တမ်းတိုးမြှင့်ခဲ့ခြင်းဖြစ်သည်။

အဆိုပါကာလအတွင်း မိမိဆန္ဒအလျောက်နေရပ်ပြန်မည့်သူများသည် ဒဏ်ကြေးကင်းလွတ်ခွင့်ရရှိမည်ဖြစ်ပြီး ကိုရီးယားသမ္မတနိုင်ငံသို့ ပြန်လည်ဝင်ရောက်နိုင်မည့်ပြည်ဝင်ခွင့်ကန့်သတ်ချက်များမှလည်း ကင်းလွတ်ခွင့်ရရှိနိုင်မည်ဖြစ်သည်။

ကိုရီးယားသမ္မတနိုင်ငံ တရားရေးရာဝန်ကြီးဌာနက တရားမဝင်နေထိုင်သည့် နိုင်ငံခြားသားများ မိမိဆန္ဒအလျောက် နေရပ်ပြန်နိုင်မည့် အစီအစဉ်ကို ကာလသက်တမ်းတိုးမြှင့်ခဲ့မှုအပေါ် မြန်မာသံရုံးက ဇန်နဝါရီ ၃ ရက်တွင် အသိပေးကြေညာထားခြင်းဖြစ်သည်။

အဆိုပါအစီအစဉ်ဖြင့် မိမိနေရပ်ပြန်လိုသူများအနေဖြင့် နိုင်ငံကူးလက်မှတ်၊ မိမိဆန္ဒအလျောက်နေရပ်ပြန်လိုကြောင်း စာရွက်စာတမ်းအထောက်အထားနှင့် လေယာဉ်လက်မှတ်တို့တင်ပြ၍ ကိုရီးယားသမ္မတနိုင်ငံ လူဝင်မှုကြီးကြပ်ရေးဌာနသို့ လျှောက်ထားနိုင်ကြောင်း သံရုံးကအသိပေးထားသည်။

အသေးစိတ်အချက်အလက်များနှင့်ပတ်သက်၍ ကိုရီးယားသမ္မတနိုင်ငံ လူဝင်မှုကြီးကြပ်ရေးဌာန၏ဝက်ဘ်ဆိုက်သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်းသိရသည်။

“ပြန်မယ့်သူတွေရှိတယ်။ ဒီမှာ အလုပ်လာလုပ်ရာကနေအကြောင်းအမျိုးမျိုးနဲ့ Over Stay လုပ်လိုက်တာပေါ့။ ဒီမှာငွေစုပြီးပြန်မယ့်သူတွေရှိနေပါတယ်။ အဖမ်းအဆီးလည်းရှိတော့ သတိထားရတယ်လေ။ ကြိုဆိုရမှာပါ” ဟု ကိုရီးယားသမ္မတနိုင်ငံရောက် မြန်မာနိုင်ငံသားကိုထွန်းမြင့်ကပြောသည်။

**MT**



(၇၆)နှစ်မြောက်လွတ်လပ်ရေးနေ့ အလံတင်အခမ်းအနားကို ဇန်နဝါရီ ၄ ရက် နံနက်ပိုင်းက ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ ကျောက်တိုင်အားကစားကွင်း၌ ပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာ သရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ (၇၆) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာကို ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း ဖတ်ကြားစဉ်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



(၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အလံတင်အခမ်းအနားနှင့် သဝဏ်လွှာဖတ်ကြားခြင်းအခမ်းအနားကို ဇန်နဝါရီ ၄ ရက် နံနက်ပိုင်းက စစ်တွေမြို့ ဧည့ဝတီအားကစားကွင်း၌ ကျင်းပရာ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာကို ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း ဖတ်ကြားစဉ်။

**ပြည်နယ်(ပြန်/ဆက်)**



(၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အလံတင် အခမ်းအနားနှင့် သဝဏ်လွှာဖတ်ကြားသည့် အခမ်းအနားကို ဇန်နဝါရီ ၄ ရက် နံနက်ပိုင်းက ကရင်ပြည်နယ် ဘားအံမြို့ သီရိကွင်းရှိ လွတ်လပ်ရေး ကျောက်တိုင်ရှေ့၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေ စည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ပေးပို့သော (၇၆)နှစ် မြောက်လွတ်လပ်ရေးနေ့သဝဏ်လွှာကို ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး ဖတ်ကြားစဉ်။

**ပြည်နယ်(ပြန်/ဆက်)**



(၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် နိုင်ငံတော် အလံတင်အခမ်းအနားနှင့် သဝဏ်လွှာဖတ်ပွဲ အခမ်းအနားများကို ဇန်နဝါရီ ၄ ရက်က ကချင်ပြည်နယ်အစိုးရအဖွဲ့ရုံးရှေ့ မြက်ခင်းပြင်၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိ သုဓမ္မ မင်းအောင်လှိုင်ထံမှ ပေးပို့သော (၇၆)နှစ်မြောက် လွတ်လပ် ရေးနေ့ သဝဏ်လွှာကိုပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန် ဖတ်ကြား စဉ်။

**ပြည်နယ်(ပြန်/ဆက်)**



(၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် နိုင်ငံတော် အလံလွှင့်တင်ခြင်းနှင့် အလေးပြုခြင်း အခမ်းအနားကို မွန်ပြည်နယ် မော်လမြိုင်မြို့ မောရဝတီပန်းခြံတွင် ဇန်နဝါရီ ၄ ရက်က ကျင်းပခဲ့ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနား သို့ ပေးပို့သည့် သဝဏ်လွှာကို ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည် သိန်း ဖတ်ကြားစဉ်။

**ခရိုင်(ပြန်/ဆက်)**



ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ ဟိုပုံးမြို့နယ်တွင် (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အလံတင် အခမ်းအနားကို ဇန်နဝါရီ ၄ ရက် နံနက်ပိုင်းက ပအိုဝ်းကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ရုံး စစ်ရေးပြကွင်းတွင် ပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိ သုဓမ္မမင်းအောင်လှိုင်ထံမှ ပေးပို့သည့် (၇၆)နှစ်မြောက် လွတ်လပ် ရေးနေ့သဝဏ်လွှာကို ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံ အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်ရဲထွေး ဖတ်ကြားစဉ်။

**ပအိုဝ်းဒေသ(ပြန်/ဆက်)**

# နိုင်ငံတစ်ဝန်း၌ (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားများ ကျင်းပ

**လှိုင်ကော်**

(၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့သဝဏ်လွှာ ဖတ်ကြားခြင်း အခမ်းအနားကို ဇန်နဝါရီ ၄ ရက် နံနက် ၇ နာရီက ကယားပြည်နယ် လှိုင်ကော်မြို့၌ ကျင်းပသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိ သုဓမ္မ မင်းအောင်လှိုင်ထံမှ ပေးပို့သော (၇၆)နှစ်မြောက် လွတ်လပ် ရေးနေ့ သဝဏ်လွှာကို ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်က ဖတ်ကြားသည်။ **ပြည်နယ်(ပြန်/ဆက်)**

**ဒဂုံမြောက်**

(၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားကို ရန်ကုန်တိုင်း ဒေသကြီး ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ် အမှတ်(၃၇)ရပ်ကွက် ပင်လုံလမ်းရှိ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် ဇန်နဝါရီ ၄ ရက် နံနက် ၄ နာရီ မိနစ်၂၀ က (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အလံတင်အခမ်းအနားကို ကျင်းပခဲ့သည်။

ဆက်လက်၍ နံနက် ၇ နာရီတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာ သရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ (၇၆) နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာကိုမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းဝင်းက ဖတ်ကြားသည်။

**မြင့်မြင့်ရီ(ပြန်/ဆက်)**

**ထားဝယ်**

( ၇၆ )နှစ်မြောက်လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင်အခမ်း အနားနှင့် နိုင်ငံတော်အလံအလေးပြုပွဲ အခမ်းအနားကို ဇန်နဝါရီ ၄ ရက် နံနက်ပိုင်းက တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ ရွှေဝယ် သီရိ အားကစားကွင်း၌ ကျင်းပသည်။

ယင်းနောက်နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ (၇၆)နှစ်မြောက်လွတ်လပ်ရေးနေ့အခမ်းအနား သို့ ပေးပို့သည့် သဝဏ်လွှာကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကို က ဖတ်ကြားသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

**လက်ပံတန်း**

ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့၌ (၇၆) နှစ်မြောက် လွတ်လပ် ရေးနေ့အထိမ်းအမှတ် နိုင်ငံတော်အလံတင် အခမ်းအနားနှင့် သဝဏ် လွှာဖတ်ကြားခြင်း အခမ်းအနားကို ဇန်နဝါရီ ၄ ရက် နံနက်ပိုင်းက ကျင်းပခဲ့သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ပေးပို့သော ဇန်နဝါရီ ၄ ရက်တွင် ကျရောက်သည့် (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့သဝဏ်လွှာကို မြို့နယ်စီမံအုပ်ချုပ် ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနေမင်းအောင်က ဖတ်ကြားသည်။

**မြို့နယ်(ပြန်/ဆက်)**

**ညောင်လေးပင်**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ်တွင် (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အလံတင်အခမ်းအနားနှင့် သဝဏ်လွှာ ဖတ်ပွဲအခမ်းအနားကို ဇန်နဝါရီ ၄ ရက်နံနက် ၄ နာရီ မိနစ်၂၀ က ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးဝင်းအတွင်း၌ ကျင်းပခဲ့သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနား သို့ပေးပို့သော သဝဏ်လွှာကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ကျော်စိုးက ဖတ်ကြားပြီး (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် စာစီစာကုံး၊ ကဗျာ၊ ဆောင်းပါးပြိုင်ပွဲတွင် ဆုရရှိသူများ အား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**

**ကော့သောင်း**

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့၌ (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ သဝဏ်လွှာဖတ်ကြားပွဲအခမ်းအနားကို ကော့သောင်း မြို့ အဏ္ဏဝါရပ်ကွက်ရှိ လွတ်လပ်ရေးကျောက်တိုင်ကွင်းတွင် ဇန်နဝါရီ ၄ ရက် နံနက် ၇ နာရီက ကျင်းပသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိ သုဓမ္မမင်းအောင်လှိုင်ထံမှ ပေးပို့သည့် (၇၆)နှစ်မြောက် လွတ်လပ်ရေး နေ့သဝဏ်လွှာကို ကော့သောင်းခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးအောင်က ဖတ်ကြားသည်။ **ခရိုင်(ပြန်/ဆက်)**

**ရန်ကုန်**

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်၌ ဇန်နဝါရီ ၄ ရက် နံနက် က အင်းစိန်မြို့နယ်ခန်းမတွင် (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားကို ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ (၇၆)နှစ်မြောက် လွတ်လပ်ရေး နေ့ အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာကို မြို့နယ်စီမံအုပ်ချုပ် ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးမင်းထွဋ်က ဖတ်ကြားသည်။

**ဉာဏ်ဟိန်း**

# စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ် ချီးမြှင့်အပ်နှင်း

**(ယမန်နေ့မှအဆက်)**

**လူမှုထူးချွန်တံဆိပ် (ပထမဆင့်)**

| | | |
|---|---|---|
| ၉၃။ ဦးတင်မောင်လွင် | တွဲဖက်ပါမောက္ခ၊ ပန်းချီ | ယဉ်ကျေးမှုဝန်ကြီးဌာန |
| ၉၄။ ဦးအောင်ကြည်သိန်း | ဒုတိယအထွေထွေမန်နေဂျာ | လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန |
| ၉၅။ ဦးဇော်မြင့် | ညွှန်ကြားရေးမှူး | သမဝါယမဝန်ကြီးဌာန |
| ၉၆။ ဦးရဲမြင့်စိုး | ညွှန်ကြားရေးမှူး | လျှပ်စစ်စွမ်းအားဝန်ကြီးဌာန |
| ၉၇။ ဦးခင်မောင်ကြည် | ညွှန်ကြားရေးမှူး | အမှတ်(၂)စက်မှုဝန်ကြီးဌာန |
| ၉၈။ ဦးငွေမိုး | ညွှန်ကြားရေးမှူး | အမှတ်(၂)စက်မှုဝန်ကြီးဌာန |
| ၉၉။ ဦးစိုးမြင့် | ညွှန်ကြားရေးမှူး | အမှတ်(၂)စက်မှုဝန်ကြီးဌာန |
| ၁၀၀။ ဦးကျော်ညွန့် | ညွှန်ကြားရေးမှူး | အလုပ်သမားဝန်ကြီးဌာန |
| ၁၀၁။ ဦးတင်အောင်ဝင်း | ဒုတိယအထွေထွေမန်နေဂျာ | အလုပ်သမားဝန်ကြီးဌာန |
| ၁၀၂။ ဦးပြေသိန်း | တွဲဖက်ပါမောက္ခ၊ သင်္ချာဌာန | ပညာရေးဝန်ကြီးဌာန |
| ၁၀၃။ ဒေါက်တာအောင်မြင့်ဦး | တွဲဖက်ပါမောက္ခ | ပညာရေးဝန်ကြီးဌာန |
| ၁၀၄။ ဒေါ်ချိုချိုစွမ် | တွဲဖက်ပါမောက္ခ၊ သမိုင်းဌာန | ပညာရေးဝန်ကြီးဌာန |
| ၁၀၅။ ဒေါက်တာမြင့်သိန်း | ဌာနမှူး၊ သင်္ချာဌာန | သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန |
| ၁၀၆။ ဦးအောင်သိန်း | ဒုတိယအင်ဂျင်နီယာချုပ် (လျှပ်စစ်) | ဆောက်လုပ်ရေးဝန်ကြီးဌာန |
| ၁၀၇။ ဦးကျော်သန့် | ညွှန်ကြားရေးမှူး | ဆောက်လုပ်ရေးဝန်ကြီးဌာန |
| ၁၀၈။ ဦးသောင်းရွှေ | ညွှန်ကြားရေးမှူး | ဆောက်လုပ်ရေးဝန်ကြီးဌာန |
| ၁၀၉။ ဒုတိယဗိုလ်မှူးကြီးကျင်မောင် | ညွှန်ကြားရေးမှူး | ဆောက်လုပ်ရေးဝန်ကြီးဌာန |
| ၁၁၀။ ဦးရန်နိုင် | ညွှန်ကြားရေးမှူး | ဟိုတယ်နှင့်ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာန |
| ၁၁၁။ ဦးအောင်မြင်သူ | ညွှန်ကြားရေးမှူး | ဟိုတယ်နှင့်ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာန |
| ၁၁၂။ ဦးမြင့်အောင် | ညွှန်ကြားရေးမှူး | စာရင်းစစ်ချုပ်ရုံး |
| ၁၁၃။ ဒေါ်ရီရီမြင့် | ဒုတိယညွှန်ကြားရေးမှူး | ပြည်သူ့လွှတ်တော်ရုံး |
| ၁၁၄။ ဦးကျော်ဇော | ဒုတိယဦးဆောင် ညွှန်ကြားရေးမှူး | နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန |
| ၁၁၅။ ဦးစိုးမြင့် | ဒုတိယညွှန်ကြားရေးမှူး | လျှပ်စစ်စွမ်းအားဝန်ကြီးဌာန |
| ၁၁၆။ ဦးစန်းအောင် | ဒုတိယညွှန်ကြားရေးမှူး | စွမ်းအင်ဝန်ကြီးဌာန |
| ၁၁၇။ ဦးတင်ဝင်း | ဒုတိယညွှန်ကြားရေးမှူး | စွမ်းအင်ဝန်ကြီးဌာန |
| ၁၁၈။ ဦးစိန်ကြည် | ဒုတိယညွှန်ကြားရေးမှူး | စွမ်းအင်ဝန်ကြီးဌာန |
| ၁၁၉။ ဦးခင်မောင်စိုး | ဒုတိယညွှန်ကြားရေးမှူး | ပညာရေးဝန်ကြီးဌာန |
| ၁၂၀။ ဦးဝင်းမြင့် | ဒုတိယဌာနမှူး | ရန်ကုန်မြို့တော်စည်ပင်သာယာ ရေးကော်မတီ |
| ၁၂၁။ ဦးသိန်းငွေ | ဒုတိယညွှန်ကြားရေးမှူး | မန္တလေးမြို့တော်စည်ပင်သာယာ ရေးကော်မတီ |
| ၁၂၂။ ဦးလှရည် | ဒုတိယညွှန်ကြားရေးမှူး (ငြိမ်း) | မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန |
| ၁၂၃။ ဒေါ်ခင်မာရီ | လက်ထောက်ညွှန်ကြားရေးမှူး | ရှေးဟောင်းသုတေသနဦးစီးဌာန |
| ၁၂၄။ ဦးသန်းထွန်း | လက်ထောက် ညွှန်ကြားရေးမှူး | လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန |
| ၁၂၅။ ဒေါ်ခင်မိမိထွန်း | မော်ကွန်းထိန်းအဆင့်(၁) | ကျန်းမာရေးဝန်ကြီးဌာန |
| ၁၂၆။ ဒေါက်တာချမ်းသာ(ခ)ဦးညီညီ | တိုက်နယ်ဆရာဝန် | ကျန်းမာရေးဝန်ကြီးဌာန |
| ၁၂၇။ ဦးစောလှထွန်း | အလယ်တန်းပြဆရာ | ပညာရေးဝန်ကြီးဌာန |
| ၁၂၈။ ဒေါက်တာကျော်ဝင်း | မြန်မာနိုင်ငံကြက်ခြေနီအသင်း | |
| ၁၂၉။ ဦးစိန်တင် | မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး | |
| ၁၃၀။ ပါမောက္ခဒေါက်တာစိန်မြင့် | မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း | |
| ၁၃၁။ ဦးညာဏ်လွင် | မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း | |
| ၁၃၂။ ဦးတင်လှိုင် | မြန်မာနိုင်ငံစိုက်ပျိုးရေးသစ်တော၊ မွေးမြူရေးနှင့်ရေလုပ်ငန်းပညာရှင်အဖွဲ့ | |
| ၁၃၃။ ဒေါက်တာမျိုးမြင့် | မြန်မာနိုင်ငံဆရာဝန်အသင်း | |
| ၁၃၄။ ဒေါက်တာလှသန်း | မြန်မာနိုင်ငံဗိသုကာပညာရှင်များအသင်း | |
| ၁၃၅။ ဒေါက်တာသံဒိုင် | မြန်မာနိုင်ငံတိရစ္ဆာန်ဆေးကုဆရာဝန်များအသင်း | |
| ၁၃၆။ ဦးသိန်းဦး | မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ် | |
| ၁၃၇။ ဒေါက်တာ ဦးသိန်းဦးဘိုးစော | မြန်မာနိုင်ငံနည်းပညာရှင်အဖွဲ့ | |
| ၁၃၈။ ဦးအောင်ဇော်မြင့် | မြန်မာနိုင်ငံကွန်ပျူတာလုပ်ငန်းရှင်အသင်း | |
| ၁၃၉။ ဒေါက်တာ တင်လင်းမြင့် | မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း | |
| ၁၄၀။ ဒေါ်ခင်ဆွေညွန့်(ခ) ဒေါ်ခင်ကြည်ဝင်း | မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း | |
| ၁၄၁။ ဒေါ်ရီရီမြင့် | မြန်မာနိုင်ငံဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့ | |
| ၁၄၂။ ဦးလှရှိန် | မြန်မာသမိုင်းအဖွဲ့ | |
| ၁၄၃။ ဒေါက်တာ ဒေါ်ခင်အုန်းသန့် | မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် | |
| ၁၄၄။ ပါမောက္ခဒေါ်မြမြဝင်း | မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် | |
| ၁၄၅။ ဦးဝင်းမောင် (တမွဝတီ) | ဗိသုကာနှင့်ပန်းပုလုပ်ငန်း | |
| ၁၄၆။ အကော်ဒီယံ ဦးအုန်းကျော် | ဂီတအနုပညာရှင် | |
| ၁၄၇။ ဦးသန့်စင် | ပန်းချီပညာရှင် | |
| ၁၄၈။ ဦးညိုမင်းထွန်း | မန်နေဂျာ(သ/မ) | ကချင်ပြည်နယ် |
| ၁၄၉။ ဦးအင်ဖုန်တန် | ဦးစီးအရာရှိ (သ/မ) | ကချင်ပြည်နယ် |
| ၁၅၀။ ဦးချောဖာပူး | ဦးစီးအရာရှိ (ခရိုင်ပြန်/ဆက်) | ကချင်ပြည်နယ် |
| ၁၅၁။ ဦးဝဒမ်ခေါင်ဒီးဇီ | မြို့နယ်ပညာရေးမှူး(ငြိမ်း) | ကချင်ပြည်နယ် |
| ၁၅၂။ ဦးဂျီခေါယိန် | ဒုတိယဦးစီးမှူး (ပြန်/ဆက်) | ကချင်ပြည်နယ် |
| ၁၅၃။ ဒေါ်ဆိုင်ခေါန် | အထက်တန်းပြ | ကချင်ပြည်နယ် |
| ၁၅၄။ ဦးလီရဲဂျာ | အလယ်တန်းကျောင်းအုပ် | ကချင်ပြည်နယ် |
| ၁၅၅။ ဦးဂျွန် | အလယ်တန်းကျောင်းအုပ် | ကချင်ပြည်နယ် |
| ၁၅၆။ ဦးဂျီဖုန်ဆားရ် | အလယ်တန်းပြ | ကချင်ပြည်နယ် |
| ၁၅၇။ ဦးမုန်ပေါန်နော် | မူလတန်းကျောင်းအုပ် | ကချင်ပြည်နယ် |
| ၁၅၈။ ဦးဘီထောဇောင်း | မူလတန်းပြ | ကချင်ပြည်နယ် |
| ၁၅၉။ ဦးတင့်ဆွေ | ဆက်သွယ်ရေးအဆင့်-၂ (ငြိမ်း) | ကချင်ပြည်နယ် |
| ၁၆၀။ ဦးကေဆမ်အောင် | | ကချင်ပြည်နယ် |
| ၁၆၁။ ဦးခင်မောင်လှ | | ကချင်ပြည်နယ် |
| ၁၆၂။ ဦးယောဟန် | | ကချင်ပြည်နယ် |
| ၁၆၃။ ဦးစောနွဲ့ထွန်း | | ကချင်ပြည်နယ် |
| ၁၆၄။ ဒေါက်တာရီရီသန်း | | ကချင်ပြည်နယ် |
| ၁၆၅။ ဦးလယောက်ဇယ်လွမ်း | | ကချင်ပြည်နယ် |
| ၁၆၆။ ဦးနဘုတ်ထောခေါင် | | ကချင်ပြည်နယ် |
| ၁၆၇။ ဦးချန်းလန်း | | ကချင်ပြည်နယ် |
| ၁၆၈။ ဦးမန်ရှန်တိန့်ဆောင် | | ကချင်ပြည်နယ် |
| ၁၆၉။ ဦးရန္ဒီဖုန် | | ကချင်ပြည်နယ် |
| ၁၇၀။ ဒေါက်တာမနန်တူးဂျာ | | ကချင်ပြည်နယ် |
| ၁၇၁။ ဦးကျော်စိုးလေး(ခ) ဦးတင်စိုး | | ကချင်ပြည်နယ် |
| ၁၇၂။ ဦးကျော်ဝင်း | | ကချင်ပြည်နယ် |
| ၁၇၃။ ဒေါ်ခေါင်နန်း | | ကချင်ပြည်နယ် |
| ၁၇၄။ ဦးစောနွဲ့သိုက်ရွှေ | | ကချင်ပြည်နယ် |
| ၁၇၅။ ဦးစိုးနိုင် | | ကချင်ပြည်နယ် |
| ၁၇၆။ ဦးစိုးနွယ် | | ကချင်ပြည်နယ် |
| ၁၇၇။ ဦးစိုးသိန်း | | ကချင်ပြည်နယ် |
| ၁၇၈။ ဦးစိုင်းမြင့်ကျော် | | ကချင်ပြည်နယ် |
| ၁၇၉။ ဦးစိုင်းယီကျန်း | | ကချင်ပြည်နယ် |
| ၁၈၀။ ဦးထွန်းဖေ | | ကချင်ပြည်နယ် |
| ၁၈၁။ ဦးဇော်ဝင်း | | ကချင်ပြည်နယ် |
| ၁၈၂။ ဦးညီလေး | | ကချင်ပြည်နယ် |
| ၁၈၃။ ဦးတင်နွယ် | | ကချင်ပြည်နယ် |
| ၁၈၄။ ဦးထွန်းထွန်း | | ကချင်ပြည်နယ် |
| ၁၈၅။ ဦးဖုန်ရိမင် | | ကချင်ပြည်နယ် |
| ၁၈၆။ ဦးမင်းကြည် | | ကချင်ပြည်နယ် |
| ၁၈၇။ ဦးဖေသန်း | | ကချင်ပြည်နယ် |
| ၁၈၈။ ဒေါ်ရှုဒေါင်ခေါန်တောင် | | ကချင်ပြည်နယ် |
| ၁၈၉။ ဦးလဇတ်လွမ်းခေါင် | | ကချင်ပြည်နယ် |
| ၁၉၀။ ဦးဝါရဲဂျာ | | ကချင်ပြည်နယ် |
| ၁၉၁။ ဦးသိန်းအောင် | | ကချင်ပြည်နယ် |
| ၁၉၂။ ဦးအင်နောက်နော် | | ကချင်ပြည်နယ် |
| ၁၉၃။ ဦးအင်ဖုန်တူးဂျာ | | ကချင်ပြည်နယ် |
| ၁၉၄။ ဒေါ်အင်ဘရန့်ဒွဲဘူ | | ကချင်ပြည်နယ် |
| ၁၉၅။ ဦးဆန်ဒေါင်းဒီး | | ကချင်ပြည်နယ် |
| ၁၉၆။ ဦးရီမွန် | | ကချင်ပြည်နယ် |
| ၁၉၇။ ဦးရှောင်ဝါဒေါင်လွမ်း | | ကချင်ပြည်နယ် |
| ၁၉၈။ ဦးမရန်တန်ဂွန်း | | ကချင်ပြည်နယ် |
| ၁၉၉။ ရဲမှူးကြီး ကျော်ဒင် (ငြိမ်း) (ခ) ထေးရယ် | | ကယားပြည်နယ် |
| ၂၀၀။ ဒေါ်ခင်ငွေး | ကျောင်းအုပ် | ကယားပြည်နယ် |
| ၂၀၁။ ဦးစိုးရယ် | ဦးစီးအရာရှိ (သာ/ထွန်း/ပြန့်) | ကယားပြည်နယ် |
| ၂၀၂။ ဒေါ်နန်းနွဲ့ | အထက်တန်းကျောင်းအုပ် | ကယားပြည်နယ် |
| ၂၀၃။ ဒေါ်မေရီယန် | ဒုတိယဦးစီးမှူး (ပြန်/ဆက်) | ကယားပြည်နယ် |
| ၂၀၄။ ဦးခင်ဇော် | အလယ်တန်းပြ | ကယားပြည်နယ် |
| ၂၀၅။ ဦးစောရယ်ညွန့်ရွှေ | မူလတန်းကျောင်းအုပ် | ကယားပြည်နယ် |
| ၂၀၆။ ဦးစောဟူးဟူး | မူလတန်းကျောင်းအုပ် | ကယားပြည်နယ် |
| ၂၀၇။ ဦးစိုင်းအောင်ပွင့် | မူလတန်းကျောင်းအုပ် | ကယားပြည်နယ် |
| ၂၀၈။ ဦးအောင်တင် | မူလတန်းကျောင်းအုပ် | ကယားပြည်နယ် |
| ၂၀၉။ ဦးခင်မောင်နု | | ကယားပြည်နယ် |
| ၂၁၀။ ဦးဘိုးရယ် | | ကယားပြည်နယ် |
| ၂၁၁။ ဦးရဲဝင်း | | ကယားပြည်နယ် |
| ၂၁၂။ ပိုးရယ်အောင်သိန်း | | ကယားပြည်နယ် |
| ၂၁၃။ ဦးစိုးအောင် | | ကယားပြည်နယ် |
| ၂၁၄။ ဦးလှမောင် | | ကယားပြည်နယ် |
| ၂၁၅။ ဦးငွေးကို | | ကယားပြည်နယ် |
| ၂၁၆။ ဦးမှိုင်း | | ကယားပြည်နယ် |
| ၂၁၇။ ဦးမန်းသက်ဖော | | ကယားပြည်နယ် |
| ၂၁၈။ ဦးဟက်စတန် | | ကယားပြည်နယ် |
| ၂၁၉။ ဦးသန်းအောင်မြင့် | | ကယားပြည်နယ် |
| ၂၂၀။ ဦးဆဲရယ်(ခ)မိုးမိုက် | | ကယားပြည်နယ် |
| ၂၂၁။ ဦးစောလောရှာ(ခ) စောအဝယ် | | ကယားပြည်နယ် |
| ၂၂၂။ ဦးတဲနယ်(ခ)စောဖီလစ်ပို | | ကယားပြည်နယ် |
| ၂၂၃။ ဦးခီးရယ် | | ကယားပြည်နယ် |
| ၂၂၄။ ဦးတင်ဦး | | ကယားပြည်နယ် |
| ၂၂၅။ ဦးလူရယ်ဘိုးလူ | | ကယားပြည်နယ် |
| ၂၂၆။ ဦးအန်တရေးယာ(မီး) | | ကယားပြည်နယ် |
| ၂၂၇။ ဦးထွန်းအေးဟန် | | ကယားပြည်နယ် |
| ၂၂၈။ ဦးမီရယ်မြင့် | | ကယားပြည်နယ် |
| ၂၂၉။ ဦးစောဘိုးဘွယ် | ကျောင်းအုပ်ကြီး (ငြိမ်း) | ကရင်ပြည်နယ် |

စာမျက်နှာ ၁၈ သို့ ❖

❖ စာမျက်နှာ ၁၇ မှ

| | | | |
|---|---|---|---|
| ၂၃၀။ | ဦးခွန်ဝင်းနောင် | မန်နေဂျာ(ငြိမ်း) (မြို့နယ်သ/မ) | ကရင်ပြည်နယ် |
| ၂၃၁။ | ဦးမန်းအုန်းမောင် | ညွှန်ကြားရေးမှူး(ငြိမ်း) (ပြည်နယ်ထွေအုပ်) | ကရင်ပြည်နယ် |
| ၂၃၂။ | ဦးစောအုန်းတင် | ကျောင်းအုပ် | ကရင်ပြည်နယ် |
| ၂၃၃။ | ဦးစိုင်းသန်းနိုင် | ကျောင်းအုပ်(ငြိမ်း) | ကရင်ပြည်နယ် |
| ၂၃၄။ | ဦးမန်းတင်အောင်သန်း | တိုင်းဦးစီးမှူး(ငြိမ်း) | ကရင်ပြည်နယ် |
| ၂၃၅။ | ဦးတယ်နယ်စင်ဖိုး | လက်ထောက်မြို့နယ် ပညာရေးမှူး(ငြိမ်း) | ကရင်ပြည်နယ် |
| ၂၃၆။ | ဦးစောထားလုံ | လက်ထောက်ညွှန်ကြားရေးမှူး(ယဉ်ကျေးမှု) | ကရင်ပြည်နယ် |
| ၂၃၇။ | ဦးစိုးတင့် | ဦးစီးအရာရှိ (အလုပ်သမား) | ကရင်ပြည်နယ် |
| ၂၃၈။ | ဦးစောဝင်းထိန် | ဒုတိယဦးစီးမှူး (ပြန်/ဆက်) | ကရင်ပြည်နယ် |
| ၂၃၉။ | ဒေါ်ငွေချည် | အလယ်တန်းပြ(ငြိမ်း) | ကရင်ပြည်နယ် |
| ၂၄၀။ | ဦးမန်းလှမြိုင် | မူလတန်းကျောင်းအုပ် | ကရင်ပြည်နယ် |
| ၂၄၁။ | ဦးဟုတ်သိန်း | ရုံးအုပ်(ငြိမ်း) (ပညာရေး) | ကရင်ပြည်နယ် |
| ၂၄၂။ | ဦးရဲမြင့် | အကြီးတန်းစာရေး (သ/မ) | ကရင်ပြည်နယ် |
| ၂၄၃။ | ဦးမြစိုး | ကုန်သွယ်ရေး (ငြိမ်း) | ကရင်ပြည်နယ် |
| ၂၄၄။ | ဦးစောသန်းအောင် | အလုပ်မားဝန်ကြီးဌာန (ငြိမ်း) | ကရင်ပြည်နယ် |
| ၂၄၅။ | ဦးစောဘိုးဒီ | သမဝါယမဦးစီးဌာန | ကရင်ပြည်နယ် |
| ၂၄၆။ | ဦးစန်းကို | | ကရင်ပြည်နယ် |
| ၂၄၇။ | ဦးစောလွန်းရှိန် | | ကရင်ပြည်နယ် |
| ၂၄၈။ | ဦးရွှေတင်ဦး | | ကရင်ပြည်နယ် |
| ၂၄၉။ | ဦးမန်းဘညွန့်ဖေ | | ကရင်ပြည်နယ် |
| ၂၅၀။ | ဦးစိန်လှိုင် | | ကရင်ပြည်နယ် |
| ၂၅၁။ | ဦးမန်းစိန်ထွန်း | | ကရင်ပြည်နယ် |
| ၂၅၂။ | ဦးမန်းအောင်တင်မြင့် | | ကရင်ပြည်နယ် |
| ၂၅၃။ | စောကျော်မြင့်စံ | | ကရင်ပြည်နယ် |
| ၂၅၄။ | ဦးမန်းတင်မောင်(ခ) ဦးမန်းမျိုးညွန့် | | ကရင်ပြည်နယ် |
| ၂၅၅။ | ဦးကြည်ဝင်း | | ကရင်ပြည်နယ် |
| ၂၅၆။ | ဦးချစ်လှိုင် | | ကရင်ပြည်နယ် |
| ၂၅၇။ | ဦးစောထွဋ်ခေါင်လွင် | | ကရင်ပြည်နယ် |
| ၂၅၈။ | ဦးစောအယ်ဝါး | | ကရင်ပြည်နယ် |
| ၂၅၉။ | ဦးပန်းမြိုင် | | ကရင်ပြည်နယ် |
| ၂၆၀။ | ဦးဗိုလ်ဝင်း | | ကရင်ပြည်နယ် |
| ၂၆၁။ | ဦးမင်းချစ်သိုင်း | | ကရင်ပြည်နယ် |
| ၂၆၂။ | ဦးသန်းဦး | | ကရင်ပြည်နယ် |
| ၂၆၃။ | ဦးအောင်မြင့်သိန်း | | ကရင်ပြည်နယ် |
| ၂၆၄။ | ဦးကျော်အေး | | ကရင်ပြည်နယ် |
| ၂၆၅။ | ဦးမန်းအဘီး | | ကရင်ပြည်နယ် |
| ၂၆၆။ | ဦးအောင်ဖေ(ခ) ဦးအောင်ညိမ်း | | ကရင်ပြည်နယ် |
| ၂၆၇။ | ဦးဂေလိန်း | ပြည်နယ်တရားသူကြီး | ချင်းပြည်နယ် |
| ၂၆၈။ | ဦးကပ်တီးလ် | ပြည်နယ်ဥပဒေအရာရှိ(ငြိမ်း) | ချင်းပြည်နယ် |
| ၂၆၉။ | ဒေါက်တာထပ်မန်း | ညွှန်ကြားရေးမှူး(ငြိမ်း) ( တိ/ မွေး / ကု ) | ချင်းပြည်နယ် |
| ၂၇၀။ | ဒေါက်တာရှိအုပ် | မြို့နယ်ဆရာဝန်ကြီး | ချင်းပြည်နယ် |
| ၂၇၁။ | ဦးလာလ်တင်မန်း | ခရိုင်စာရင်းစစ်အရာရှိ | ချင်းပြည်နယ် |
| ၂၇၂။ | ဦးရှိန်ဝေပိုင်း | ဦးစီးအရာရှိ (သစ်တော) | ချင်းပြည်နယ် |
| ၂၇၃။ | ဦးငွန်ဟရမ်း | ဦးစီးအရာရှိ(ငြိမ်း)(သ/မ) | ချင်းပြည်နယ် |
| ၂၇၄။ | ဦးဟောက်ခန့်မန် | မြို့နယ်သမဦးစီးအရာရှိ(ငြိမ်း) | ချင်းပြည်နယ် |
| ၂၇၅။ | ဦးလာလ်ကုန်း | ပြည်နယ်မြေစာရင်းဦးစီးမှူး | ချင်းပြည်နယ် |
| ၂၇၆။ | ဦးဟာရှိန်းဘွေ | အထက်တန်းပြ(ငြိမ်း) | ချင်းပြည်နယ် |
| ၂၇၇။ | ဒေါ်ဆာဆု | အလယ်တန်းကျောင်းအုပ် | ချင်းပြည်နယ် |
| ၂၇၈။ | ဦးဟရန်လွင်း | အလယ်တန်းကျောင်းအုပ်(ငြိမ်း) | ချင်းပြည်နယ် |
| ၂၇၉။ | ဦးပြေလေ | အလယ်တန်းပြ | ချင်းပြည်နယ် |
| ၂၈၀။ | ဒေါက်တာမှုထန် | | ချင်းပြည်နယ် |
| ၂၈၁။ | ဦးကျော်စိန် | | ချင်းပြည်နယ် |
| ၂၈၂။ | ဦးပုန်ခန့်အင် | | ချင်းပြည်နယ် |
| ၂၈၃။ | ဦးမာဘွန်း | | ချင်းပြည်နယ် |
| ၂၈၄။ | ဒုတိယဗိုလ်မှူးကြီး ရှုစံကြူး(ငြိမ်း) | | စစ်ကိုင်းတိုင်းဒေသကြီး |
| ၂၈၅။ | ဦးသိန်းအောင် | တိုင်းအုပ်ချုပ်ရေးမှူး(ငြိမ်း) | စစ်ကိုင်းတိုင်းဒေသကြီး |
| ၂၈၆။ | ဦးမောင်မောင်ဦး | တိုင်းပညာရေးမှူး(ငြိမ်း) | စစ်ကိုင်းတိုင်းဒေသကြီး |
| ၂၈၇။ | ဦးဆွေဝင်း | တိုင်းဦးစီးဌာနမှူး | စစ်ကိုင်းတိုင်းဒေသကြီး |
| ၂၈၈။ | ဦးစန်းလှိုင် | ခရိုင်ပညာရေးမှူး(ငြိမ်း) | စစ်ကိုင်းတိုင်းဒေသကြီး |
| ၂၈၉။ | ဦးကျော်ဝင်း | မြို့နယ်ပညာရေးမှူး | စစ်ကိုင်းတိုင်းဒေသကြီး |
| ၂၉၀။ | ဦးဉာဏ်ယဉ် | မြို့နယ်ပညာရေးမှူး(ငြိမ်း) | စစ်ကိုင်းတိုင်းဒေသကြီး |
| ၂၉၁။ | ဦးမြသောင်း | မြို့နယ်ပညာရေးမှူး(ငြိမ်း) | စစ်ကိုင်းတိုင်းဒေသကြီး |
| ၂၉၂။ | ဒေါ်နန်းရီရီသန်း | လက်ထောက်ညွှန်ကြားရေးမှူး | စစ်ကိုင်းတိုင်းဒေသကြီး |
| ၂၉၃။ | ဦးငွေအောင် | လက်ထောက်ညွှန်ကြားရေးမှူး (မုံရွာခရိုင်) | စစ်ကိုင်းတိုင်းဒေသကြီး |
| ၂၉၄။ | ဦးခင်မောင်အေး | လက်ထောက်အလုပ်ရုံမှူး (ငြိမ်း) | စစ်ကိုင်းတိုင်းဒေသကြီး |
| ၂၉၅။ | ဦးစိန်အေး | လက်ထောက်စက်ရုံမှူး | စစ်ကိုင်းတိုင်းဒေသကြီး |
| ၂၉၆။ | ဦးရှိသီး | လက်ထောက်မြို့နယ် ပညာရေးမှူး | စစ်ကိုင်းတိုင်းဒေသကြီး |
| ၂၉၇။ | ဦးထွန်းမြင့် | အထက်တန်းကျောင်းအုပ် | စစ်ကိုင်းတိုင်းဒေသကြီး |
| ၂၉၈။ | ဦးမျိုးမြင့် | အလယ်တန်းကျောင်းအုပ် | စစ်ကိုင်းတိုင်းဒေသကြီး |
| ၂၉၉။ | ဦးမြင့်ဆွေ | မူလတန်းကျောင်းအုပ်(ငြိမ်း) | စစ်ကိုင်းတိုင်းဒေသကြီး |
| ၃၀၀။ | ဦးမြင့်အောင် | အထက်တန်းပြ (ငြိမ်း) | စစ်ကိုင်းတိုင်းဒေသကြီး |
| ၃၀၁။ | ဦးခင်မောင်ရွှေ | အလယ်တန်းပြ | စစ်ကိုင်းတိုင်းဒေသကြီး |
| ၃၀၂။ | ဦးမိုးဇော်ဟိန်း | အလယ်တန်းပြ | စစ်ကိုင်းတိုင်းဒေသကြီး |
| ၃၀၃။ | ဦးနေဝင်း | အလယ်တန်းပြ(ငြိမ်း) | စစ်ကိုင်းတိုင်းဒေသကြီး |
| ၃၀၄။ | ဦးသောင်းစိန် | ဓာတ်ခွဲခန်းမှူး(ငြိမ်း) | စစ်ကိုင်းတိုင်းဒေသကြီး |
| ၃၀၅။ | ဦးလှဖေ(ခ)ကမ်းယမ် | ကုန်သွယ်ရေး(ငြိမ်း) | စစ်ကိုင်းတိုင်းဒေသကြီး |
| ၃၀၆။ | ဦးကျော်ငွေ | | စစ်ကိုင်းတိုင်းဒေသကြီး |
| ၃၀၇။ | ဦးပြေ့ | | စစ်ကိုင်းတိုင်းဒေသကြီး |
| ၃၀၈။ | ဒေါက်တာတင့်ဝေ | | စစ်ကိုင်းတိုင်းဒေသကြီး |
| ၃၀၉။ | ဦးစိန်အောင် | | စစ်ကိုင်းတိုင်းဒေသကြီး |

| | | | |
|---|---|---|---|
| ၃၁၀။ | ဦးမြင့်ကျော် | | စစ်ကိုင်းတိုင်းဒေသကြီး |
| ၃၁၁။ | ဦးဆန်းဝင်း | | စစ်ကိုင်းတိုင်းဒေသကြီး |
| ၃၁၂။ | ဦးကျော်သန်း | | စစ်ကိုင်းတိုင်းဒေသကြီး |
| ၃၁၃။ | ဦးဇင်ဝမ်း | | စစ်ကိုင်းတိုင်းဒေသကြီး |
| ၃၁၄။ | ဦးမောင်ကလေး | | စစ်ကိုင်းတိုင်းဒေသကြီး |
| ၃၁၅။ | ဦးထောင်ခိုထန်း | | စစ်ကိုင်းတိုင်းဒေသကြီး |
| ၃၁၆။ | ဦးကံထွန်း | | စစ်ကိုင်းတိုင်းဒေသကြီး |
| ၃၁၇။ | ဦးကောင်းညွန့် | | စစ်ကိုင်းတိုင်းဒေသကြီး |
| ၃၁၈။ | ဦးကျော်နိုင်ငွေး | | စစ်ကိုင်းတိုင်းဒေသကြီး |
| ၃၁၉။ | ဦးကျော်မြင့်သိန်း | | စစ်ကိုင်းတိုင်းဒေသကြီး |
| ၃၂၀။ | ဦးကျော်သာထွန်း | | စစ်ကိုင်းတိုင်းဒေသကြီး |
| ၃၂၁။ | ဦးခေါ်လာစော | | စစ်ကိုင်းတိုင်းဒေသကြီး |
| ၃၂၂။ | ဦးခင်ထူး | | စစ်ကိုင်းတိုင်းဒေသကြီး |
| ၃၂၃။ | ဦးခင်မောင်ရွှေ | | စစ်ကိုင်းတိုင်းဒေသကြီး |
| ၃၂၄။ | ဦးခင်မောင်လတ် | | စစ်ကိုင်းတိုင်းဒေသကြီး |
| ၃၂၅။ | ဦးခင်မောင်ဦး | | စစ်ကိုင်းတိုင်းဒေသကြီး |
| ၃၂၆။ | ဦးချစ်သန်း | | စစ်ကိုင်းတိုင်းဒေသကြီး |
| ၃၂၇။ | ဦးငြိမ်းဆောင် | | စစ်ကိုင်းတိုင်းဒေသကြီး |
| ၃၂၈။ | ဦးသန်းထိုက် | | စစ်ကိုင်းတိုင်းဒေသကြီး |
| ၃၂၉။ | ဦးစံထား | | စစ်ကိုင်းတိုင်းဒေသကြီး |
| ၃၃၀။ | ဦးစိုးမြင့် | | စစ်ကိုင်းတိုင်းဒေသကြီး |
| ၃၃၁။ | ဦးစိုးအေး | | စစ်ကိုင်းတိုင်းဒေသကြီး |
| ၃၃၂။ | ဦးဇေယျ | | စစ်ကိုင်းတိုင်းဒေသကြီး |
| ၃၃၃။ | ဦးတင်မောင်မြင့် | | စစ်ကိုင်းတိုင်းဒေသကြီး |
| ၃၃၄။ | ဦးတင်မြင့် | | စစ်ကိုင်းတိုင်းဒေသကြီး |
| ၃၃၅။ | ဒေါက်တာပေါင်ဇနန် | | စစ်ကိုင်းတိုင်းဒေသကြီး |
| ၃၃၆။ | ဦးဘအေး | | စစ်ကိုင်းတိုင်းဒေသကြီး |
| ၃၃၇။ | ဦးဘိုကြီး(ခ)အောင်ငွေ | | စစ်ကိုင်းတိုင်းဒေသကြီး |
| ၃၃၈။ | ဦးမောင်ဉာဏ် | | စစ်ကိုင်းတိုင်းဒေသကြီး |
| ၃၃၉။ | ဦးမောင်ဦး | | စစ်ကိုင်းတိုင်းဒေသကြီး |
| ၃၄၀။ | ဦးမြအုန်း | | စစ်ကိုင်းတိုင်းဒေသကြီး |
| ၃၄၁။ | ဦးမြတ်ကို | | စစ်ကိုင်းတိုင်းဒေသကြီး |
| ၃၄၂။ | ဦးလှမြင့်လွင် | | စစ်ကိုင်းတိုင်းဒေသကြီး |
| ၃၄၃။ | ဒေါက်တာဒေါ်ဝင်းဝင်း | | စစ်ကိုင်းတိုင်းဒေသကြီး |
| ၃၄၄။ | ဦးသောင်းတင် | | စစ်ကိုင်းတိုင်းဒေသကြီး |
| ၃၄၅။ | ဦးသန်းထွန်း | | စစ်ကိုင်းတိုင်းဒေသကြီး |
| ၃၄၆။ | ဦးအောင်ကျော်ဦး | | စစ်ကိုင်းတိုင်းဒေသကြီး |
| ၃၄၇။ | ဦးအောင်သန်း | | စစ်ကိုင်းတိုင်းဒေသကြီး |
| ၃၄၈။ | ဦးအုန်းငွေ | | စစ်ကိုင်းတိုင်းဒေသကြီး |
| ၃၄၉။ | ဦးကံညွန့် | | စစ်ကိုင်းတိုင်းဒေသကြီး |
| ၃၅၀။ | ဦးကိုမောင် | | စစ်ကိုင်းတိုင်းဒေသကြီး |
| ၃၅၁။ | ဦးကျော်တင့် | | စစ်ကိုင်းတိုင်းဒေသကြီး |
| ၃၅၂။ | ဦးခင်မောင်ညို | | စစ်ကိုင်းတိုင်းဒေသကြီး |
| ၃၅၃။ | ဦးချစ်သန်း | | စစ်ကိုင်းတိုင်းဒေသကြီး |
| ၃၅၄။ | ဦးမင်းသူ | | စစ်ကိုင်းတိုင်းဒေသကြိ |
| ၃၅၅။ | ဦးမောင်ကြီး | | စစ်ကိုင်းတိုင်းဒေသကြီး |
| ၃၅၆။ | ဦးမောင်နီ | | စစ်ကိုင်းတိုင်းဒေသကြီး |
| ၃၅၇။ | ဦးဝင်းထွန်း | | စစ်ကိုင်းတိုင်းဒေသကြီး |
| ၃၅၈။ | ဦးသောင်းထွန်း | | စစ်ကိုင်းတိုင်းဒေသကြီး |
| ၃၅၉။ | ဦးသန်း | | စစ်ကိုင်းတိုင်းဒေသကြီး |
| ၃၆၀။ | ဦးသန်းမောင် | | စစ်ကိုင်းတိုင်းဒေသကြီး |
| ၃၆၁။ | ဦးတင့်နိုင် | | စစ်ကိုင်းတိုင်းဒေသကြီး |
| ၃၆၂။ | ဦးလှမောင် | ကျောင်းအုပ်(ငြိမ်း) | တနင်္သာရီတိုင်းဒေသကြီး |
| ၃၆၃။ | ဦးအောင်လေးလှိုင် | လက်ထောက်ပညာရေးမှူး | တနင်္သာရီတိုင်းဒေသကြီး |
| ၃၆၄။ | ဦးဘသောင်း | မူလတန်းကျောင်းအုပ်(ငြိမ်း) | တနင်္သာရီတိုင်းဒေသကြီး |
| ၃၆၅။ | ဦးအောင်ခင် | အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (ငြိမ်း) | တနင်္သာရီတိုင်းဒေသကြီး |
| ၃၆၆။ | ဦးစိုးဖေ | | တနင်္သာရီတိုင်းဒေသကြီး |
| ၃၆၇။ | ဦးစိုးမြင့် | | တနင်္သာရီတိုင်းဒေသကြီး |
| ၃၆၈။ | ဦးကျော်လှိုင် | | တနင်္သာရီတိုင်းဒေသကြီး |
| ၃၆၉။ | ဦးကင်းစိန် | | တနင်္သာရီတိုင်းဒေသကြီး |
| ၃၇၀။ | ဦးခင်မောင်ဆွေ | | တနင်္သာရီတိုင်းဒေသကြီး |
| ၃၇၁။ | ဦးစိမ်းမောင် | | တနင်္သာရီတိုင်းဒေသကြီး |
| ၃၇၂။ | ဦးတင်မြင့် | | တနင်္သာရီတိုင်းဒေသကြီး |
| ၃၇၃။ | ဦးမောင်လှ (ခ)ဦးလှမြင့် | | တနင်္သာရီတိုင်းဒေသကြီး |
| ၃၇၄။ | ဦးမျိုးလွင် | | တနင်္သာရီတိုင်းဒေသကြီး |
| ၃၇၅။ | ဦးယုံဘီး | | တနင်္သာရီတိုင်းဒေသကြီး |
| ၃၇၆။ | ဦးသန်းဆွေ | | တနင်္သာရီတိုင်းဒေသကြီး |
| ၃၇၇။ | ဦးအော် | | တနင်္သာရီတိုင်းဒေသကြီး |
| ၃၇၈။ | ဦးထိန်လင်း | | တနင်္သာရီတိုင်းဒေသကြီး |
| ၃၇၉။ | ဦးမောင်လွင် | | တနင်္သာရီတိုင်းဒေသကြီး |
| ၃၈၀။ | ဦးအောင်တင် | | တနင်္သာရီတိုင်းဒေသကြီး |
| ၃၈၁။ | ဦးမြဝင်း | ပါမောက္ခချုပ်(ငြိမ်း) | ပဲခူးတိုင်းဒေသကြီး |
| ၃၈၂။ | ဒုတိယဗိုလ်မှူးကြီးတင်မြင့်(ငြိမ်း) | | ပဲခူးတိုင်းဒေသကြီး |
| ၃၈၃။ | ဦးကျော်မြင့်ဦး | ဒုတိယပါမောက္ခချုပ်(ငြိမ်း) | ပဲခူးတိုင်းဒေသကြီး |
| ၃၈၄။ | ဗိုလ်မှူးခင်မောင်ဦး (ငြိမ်း) | | ပဲခူးတိုင်းဒေသကြီး |
| ၃၈၅။ | ဦးသိန်းဝင်း | ကျောင်းအုပ်ကြီး(ငြိမ်း) | ပဲခူးတိုင်းဒေသကြီး |
| ၃၈၆။ | ဦးကြင်သိန်း | ကျောင်းအုပ်ကြီး(ငြိမ်း) | ပဲခူးတိုင်းဒေသကြီး |
| ၃၈၇။ | ဦးကျော်တင့် | ဒုတိယမြို့နယ်ဥပဒေအရာရှိ | ပဲခူးတိုင်းဒေသကြီး |
| ၃၈၈။ | ဦးတင်လှိုင် | တိုင်းပညာရေးမှူး(ငြိမ်း) | ပဲခူးတိုင်းဒေသကြီး |
| ၃၈၉။ | ဦးကျော်မျိုးဝင်း | စက်ရုံမှူး | ပဲခူးတိုင်းဒေသကြီး |

စာမျက်နှာ ၁၉ သို့ ❖

❖ စာမျက်နှာ ၁၈ မှ

| | | |
|---|---|---|
| ၃၉၀။ ဦးတင်စိန် | စက်ရုံမှူး | ပဲခူးတိုင်းဒေသကြီး |
| ၃၉၁။ ဦးဝင်းမြင့်စိုး | လက်ထောက်မြို့နယ်ပညာရေးမှူး(ငြိမ်း) | ပဲခူးတိုင်းဒေသကြီး |
| ၃၉၂။ ဦးသန်းညွန့် | မြို့နယ်သစ်တောဦးစီးအရာရှိ(ငြိမ်း) | ပဲခူးတိုင်းဒေသကြီး |
| ၃၉၃။ ဦးထွန်းကြည် | အထက်တန်းကျောင်းအုပ်(ငြိမ်း) | ပဲခူးတိုင်းဒေသကြီး |
| ၃၉၄။ ဦးတင်မောင် | အလယ်တန်းကျောင်းအုပ်(ငြိမ်း) | ပဲခူးတိုင်းဒေသကြီး |
| ၃၉၅။ ဒေါ်ညွန့်ညွန့်ဝင်း | အထက်တန်းပြ | ပဲခူးတိုင်းဒေသကြီး |
| ၃၉၆။ ဦးထွန်းကြည် | အထက်တန်းပြ (ငြိမ်း) | ပဲခူးတိုင်းဒေသကြီး |
| ၃၉၇။ ဦးတင့်အောင် | အလယ်တန်းပြ (ငြိမ်း) | ပဲခူးတိုင်းဒေသကြီး |
